> **မြတ်ဗုဒ္ဓ၏အဆုံးအမတရား**
>
> စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**အမှားအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်**

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၁၉)

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်
၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၃ ရက်၊ စနေနေ့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ် (၁၀၀)ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အခမ်းအနားတက်ရောက်လာကြသူများက မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲအထိမ်းအမှတ်ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ကျောင်းသား၊ ကျောင်းသူများ၏ သီဆိုကပြဖျော်ဖြေမှုကိုကြည့်ရှုအားပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၂**

မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲအထိမ်းအမှတ်ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် အဆိုပါတက္ကသိုလ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ **စာမျက်နှာ ၅ ကော်လံ ၁** ☆

**အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဌာရသမအစည်းအဝေး ပထမနေ့ကျင်းပ**

စာ - ၁၁ သို့

**ပြည်ပမှစက်သုံးဆီများ လုံလောက်စွာတင်သွင်းဖြန့်ဖြူးပေးမှုကြောင့် ပြည်တွင်းစက်သုံးဆီဖူလုံမှုရှိသည့်အပြင် အရန်ဆီများထားရှိနိုင်ပြီး ရောင်းဈေးနှုန်းများလည်း ဆက်တိုက်ကျဆင်းနေသဖြင့် အများပြည်သူခရီးသွားလာမှု အဆင်ပြေလွယ်ကူသည့်အပြင် ကုန်စည်စီးဆင်းမှု ချောမွေ့စေရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးကို များစွာအထောက်အကူပြု**

စာ - ၉ သို့



## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၃ ရက်)

# နိုင်ငံ့အတွက် နှစ်လယ်ကျောက်မျက်ရတနာပြပွဲ

မြန်မာနိုင်ငံသည် မြေပေါ်မြေအောက်သယံဇာတပေါကြွယ်ဝသည့်နိုင်ငံဖြစ်သည်။ ရေကောင်းမြေကောင်းကိုပိုင်ဆိုင်သည့်အတွက် ဆန်ရေစပါးပေါကြွယ်ဝသလို ပတ္တမြား၊ ပုလဲ၊ နီလာ၊ ကျောက်စိမ်းစသည့် တွင်းထွက်ရတနာများလည်းပေါကြွယ်လှသည်။ အဆိုပါကျောက်မျက်ရတနာများကို ပြပွဲခင်းကျင်းပြသခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းလုပ်ငန်းများကို နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိစေရန်နှင့် နိုင်ငံသားများအတွက် စီးပွားရေးအကျိုးအမြတ်ဖြစ်ထွန်းမှုများရရှိစေရန် တူးဖော်ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာများကို တရားဝင်ရောင်းချပေးခြင်းဖြစ်သည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲခင်းကျင်းပြသခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းဖြင့် မြန်မာနိုင်ငံမှထွက်ရှိသော ကျောက်မျက်ရတနာများနှင့်စပ်လျဉ်း၍ နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာဈေးကွက် ရာနှုန်းပြည့်ဖြစ်ထွန်းပြီး ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်သည်။ ကျောက်မျက်ရတနာနှင့် ကျောက်စိမ်းတူးဖော်ထုတ်လုပ်သည့်လုပ်ငန်းကို ၁၉၉၅ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေပြဋ္ဌာန်းပြီး နိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်အသင်းအဖွဲ့များအား တူးဖော်လုပ်ကိုင်ခွင့် ခွင့်ပြုပေးခဲ့သည်။ မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး အဖိုးတန်ကျောက်မျက်များ၊ ကျောက်စိမ်းများ၊ ပုလဲများနှင့်အချောထည်များကို နှစ်စဉ်ပြပွဲများ၊ နှစ်လယ်ပြပွဲများ၊ အထူးပြပွဲများကျင်းပ၍ရောင်းချခဲ့ရာ ၁၉၉၈ ခုနှစ်အထိ အမေရိကန်ဒေါ်လာသန်းပေါင်း ၂၀၀ ကျော်ရရှိခဲ့ကြောင်းသိရသည်။ ကျောက်မျက်ရတနာများ ရောင်းချငွေမှလေးပုံတစ်ပုံမှာ ပုလဲများရောင်းချခြင်းမှရရှိခြင်းဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကျောက်မျက်ရတနာပြပွဲများကို နိုင်ငံတကာနှင့်ပြည်တွင်း၊ ပြည်ပကုန်သည်များ ရောင်းဝယ်ဖောက်ကားခွင့်ရရှိအောင် ကျင်းပပေးသည့်အတွက် ကျောက်မျက်ရတနာရောင်းချသည့်အခါ လွဲမှားမှုမရှိခြင်း၊ ပစ္စည်းအစစ်များရရှိခြင်း၊ နိုင်ငံတော်ကဖြေလျှော့သည့်အခွင့်အရေး၊ အခွင့်အလမ်းများပေးထားခြင်းနှင့် ပြင်ပမှာဝယ်ရသည်ထက် ဈေးနှုန်းသက်သာခြင်းတို့ကြောင့် ကုန်သည်များအနေဖြင့် ကျေနပ်အားရမှုရှိကြောင်းသိရှိရသည်။ အထူးသဖြင့်ကုန်သည်များအတွက် ယခုပွဲတွင် ကိုယ်တိုင်ရောင်းချခွင့်ရရှိသလို တခြားသူများ၏လေလံများ၊ မိုးကုတ်သဘာဝလေလံများကိုကြည့်ရှုခွင့်၊ ဝယ်ယူရောင်းချခွင့်ရရှိကြသည့်အတွက် ကျေနပ်အားရမှုရှိကြောင်း သိရှိရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နိုဝင်ဘာလ ၁၈ ရက်နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသည့် ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ခဲ့သည်။ ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပုလဲအတွဲပေါင်း ၂၈၀ တွဲ၊ ကျောက်မျက်အတွဲပေါင်း ၁၆၀ နှင့်ကျောက်စိမ်းအတွဲပေါင်း ၄၈၀၀ တို့ကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလက်ခံသည့် နိုင်ငံခြားငွေအမျိုးအစားများ၊ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များနှင့်အညီရောင်းချပေးခြင်းဖြစ်သည်။

အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ရောင်းချပေးခြင်းနှင့်ပတ်သက်၍ ပုလဲအတွဲများကို နိုဝင်ဘာလ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင်လည်းကောင်း၊ ကျောက်မျက်အတွဲများကို နိုဝင်ဘာလ ၂၁ ရက်တွင်လည်းကောင်း၊ အုပ်စု(အေ)နှင့်အုပ်စု(ဘီ)မှ ကျောက်စိမ်းအတွဲများကို နိုဝင်ဘာလ ၂၂ ရက်မှ ၂၄ ရက်အထိလည်းကောင်း၊ အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို နိုဝင်ဘာလ ၂၅ ရက်မှ ၂၇ ရက်အထိလည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးလျက်ရှိသည်။ အုပ်စု(အေ)နှင့်အုပ်စု(ဘီ)တို့မှ ကျောက်စိမ်းအတွဲများကို အမေရိကန်ဒေါ်လာဖြင့် ကြမ်းခင်းဈေးသတ်မှတ်ထားရှိသည်။ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအားလုံးဝယ်ယူခွင့်ရှိသည်။ ပြည်တွင်းရတနာကုန်သည်များအနေဖြင့် အုပ်စု(အေ)အတွက် နိုင်ငံခြားငွေနှင့် အုပ်စု(ဘီ)အတွက် နိုင်ငံခြားငွေ သို့မဟုတ် မြန်မာကျပ်ငွေဖြင့်လည်းကောင်း ပေးချေဝယ်ယူနိုင်မည်ဖြစ်သည်။

အုပ်စု(စီ)မှကျောက်စိမ်းအတွဲများသည် MSME လုပ်ငန်းရှင်များကို အားပေးမြှင့်တင်ရန်ရည်ရွယ်ရောင်းချခြင်းဖြစ်၍ ပြည်တွင်းရတနာကုန်သည်များသာဝယ်ယူခွင့်ရှိသည်။ အဆိုပါကျောက်စိမ်းတွဲများအတွက် ကြမ်းခင်းဈေးကိုလည်း ကျပ်ငွေဖြင့်သတ်မှတ်ထားရှိကာ ကျပ်ငွေဖြင့်သာပေးချေဝယ်ယူနိုင်သည်။ ကျောက်စိမ်းအုပ်စု(စီ)မှာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့ကိုအခြေခံပြီး ကျောက်မျက်လုပ်ငန်းလုပ်ကိုင်နေသည့် MSME လုပ်ငန်းများ ကုန်ကြမ်းရရှိရန်အတွက် အခြေခံကျပ်ငွေနှင့် သတ်မှတ်ထားခြင်းဖြစ်သည်။ နှစ်လယ်ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာလ ၁၈ ရက်မှ ၂၇ ရက်အထိ ခင်းကျင်းပြသရောင်းချပေးလျက်ရှိပြီး ဖွင့်ပွဲစတင်သည့်နေ့တွင် ပြည်တွင်း၊ ပြည်ပမှကျောက်မျက်ရတနာလုပ်ငန်းရှင် ၄၅၀၀ ကျော် လာရောက်လေ့လာကြည့်ရှုဝယ်ယူလျက်ရှိပေရာ နိုင်ငံတော်အတွက် နိုင်ငံခြားငွေရရှိပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။




# ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၂

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပုဗ္ဗသီရိမြို့နယ် မိသားစုမူကြိုနှင့်ကိုယ်ပိုင်မူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား ဖိတ်ခေါ်၍ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲနှင့်ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်သူ့စာကြည့်တိုက်အတွင်း၌ ကျင်းပသည်။

ပြိုင်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းဆွေဆွေအေးက ကလေးငယ်များ ပြည်သူ့စာကြည့်တိုက်နှင့်ရင်းနှီးကျွမ်းဝင်မှုရှိပြီး ကျောင်းစာအပြင် ပြင်ပအသိပညာဗဟုသုတများကြွယ်ဝစေရန်ရည်ရွယ်၍ ယခုလို ပြည်သူ့စာကြည့်တိုက်သို့ဖိတ်ခေါ်ပြီး ပြပွဲများ၊ ပြိုင်ပွဲများပြုလုပ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများဦးဆောင်၍ ကလေးငယ်များအား ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲများကျင်းပပေးပြီး ပြိုင်ပွဲတွင်ဆုရရှိသည့် ကလေးငယ်များအား ဦးစီးအရာရှိနှင့်ဝန်ထမ်းများက ဆုများအသီးသီးပေးအပ်သည်။

ထို့နောက် ကျောင်းသား၊ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် အသိပညာပေးနံရံကပ်စာစောင်များအား လေ့လာကြည့်ရှုကြကြောင်း သိရသည်။

(၄၁၃)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃-၁၁-၂၀၂၄(စနေနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၂ | နိုင်ငံတော်သီချင်း |
| ၂။ | ၀၆:၀၃ | တရားတော် |
| ၃။ | ၀၇:၁၀ | ဓမ္မပူဇာတေး |
| ၄။ | ၀၇:၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၅။ | ၀၇:၃၀ | မျိုးချစ်တပ်မတော် |
| ၆။ | ၀၈:၃၀ | ခရီးလည်းသွား စကားလည်းဆို |
| ၇။ | ၁၀:၁၀ | မြစ်ကျဉ်းသုံးသွယ် အပိုင်း(၄) |
| ၈။ | ၁၁:၀၀ | နိုင်ငံတကာသတင်း |
| ၉။ | ၁၁:၂၅ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၁၀။ | ၁၁:၃၀ | တစ်ပတ်အတွင်းအားကစားသတင်း |
| ၁၁။ | ၁၂:၁၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၁၂။ | ၁၆:၃၅ | ချစ်သူစုံတွဲတူယှဉ်နွဲ |
| ၁၃။ | ၁၆:၄၅ | သီချင်းလက်ဆောင် |
| ၁၄။ | ၁၆:၅၅ | ရှေးဟောင်းသုတ |
| ၁၅။ | ၁၈:၁၀ | မြစ်ကျဉ်းသုံးသွယ် အပိုင်း(၅) |
| ၁၆။ | ၁၉:၀၀ | **တောင်ပိုင်းပိုးလမ်းမသစ်ကြီး တရုတ်-မြန်မာအခန်းကဏ္ဍ အပိုင်း(၈)** |
| ၁၇။ | ၁၉:၄၀ | ပိုမိုကောင်းမွန်သည့် အသိုက်အဝန်းဆီသို့ (၉-၁၀) ရက်ခရီးစဉ် |
| ၁၈။ | | ကျန်းမာသုတ |
| ၁၉။ | | မေးမြန်းစူးစမ်း |

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၆၇-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၆၇-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ ထေရ်၏အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာ

[ ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက် (၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်) သောကြာနေ့]



**ဆရာတော်အရှင်မြတ်တို့ဘုရား–**

ဤအစည်းအဝေးတွင် လောကဓံ၏ရိုက်ခတ်မှုဒဏ်ကိုခံကြရသည့်အခါ ယောနိသောမနသိကာရထားတော်မူနိုင်ကြရန် အကြောင်းအားလျော်စွာလျှောက်ထားလိုပါသည်ဘုရား။

ကောဇာသက္ကရာဇ် ၁၃၄၂ ခုနှစ်၊ နယုန်လ၊ ခရစ်နှစ် ၁၉၈၀ ပြည့်နှစ်၊ မေလ၌ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရဟန်းသံဃာတော်အားလုံးတို့၏သမ္မုတိပေး ရွေးချယ်စေလွှတ်အပ်သော သမ္မုတိရ သံဃာ့ကိုယ်စားလှယ် (၁၂၁၈)ပါးတို့ တက်ရောက်တော်မူကြသည့် ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးက သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ သာသနာ၀င်မှတ်တမ်းများကိုပြဋ္ဌာန်းခဲ့ပြီး ထိုစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ဓမ္မဝိနယများနှင့်အညီ နိုင်ငံတော်ဩဝါဒါစရိယအဖွဲ့၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်သံဃနာယကအဖွဲ့၊ မြို့နယ်သံဃနာယကအဖွဲ့၊ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့များနှင့် ဝိနည်းဓိုရ်များကို ဖွဲ့စည်းရွေးချယ်နိုင်ခဲ့ကြပါသည်ဘုရား။

ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးက သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းများကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့အားတာဝန်ပေးအပ်ခဲ့ပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အား ထပ်ဆင့်တာဝန်ပေးအပ်ခဲ့ပါသည်။ ယင်းသို့ပေးအပ်ခဲ့သော သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းတာဝန်များကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးနှင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် အားသွန်ခွန်စိုက် အဆက်မပြတ်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်မှာ အဌမအကြိမ်သက်တမ်းတိုင် ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်ဘုရား။

သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်အနေဖြင့် ဖြတ်သန်းခဲ့သောကာလများအတွင်း သာသနပစ္စတ္ထိက–သာသနာ့ရန်စွယ်အန္တရာယ်များ၊ သာသနာ့အညစ်အကြေးများကိုသန့်ရှင်းစင်ကြယ်စေခြင်း၊ အဓမ္မဝါဒများကိုနှိမ်နင်းဖယ်ရှားတားဆီးနိုင်ခြင်း၊ ပရိယတ္တိစာမေးပွဲအသီးသီးကိုစဉ်ဆက်မပြတ်ကျင်းပနိုင်ခဲ့ခြင်း၊ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာကိစ္စရပ်များကိုအားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အပြင် “သံဃာ့ကိစ္စ သံဃာဆောင်ရွက်”ဟူသောမူအရ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်အနားယူ အစားထိုးလုပ်ငန်းများကိုလည်း အကြိမ်အလိုက် လုပ်ထုံးလုပ်နည်း၊ လုပ်ငန်းစီမံချက်၊ ဓမ္မဝိနယများနှင့်အညီ မပျက်မကွက် အစားထိုးရွေးချယ်ဆောင်ရွက်ခဲ့ကြပါသည်ဘုရား။ လာမည့် ၂၀၂၅ ခုနှစ်တွင်လည်း သံဃနာယကအဖွဲ့အဆင့်ဆင့် အနားယူအစားထိုးရွေးချယ်ပွဲများကိုမဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်ရာ ၁၆–၇–၂၀၂၄ ရက်နေ့တွင် ကျင်းပသော အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီသတ္တရသမအစည်းအဝေးက သံဃနာယကအဖွဲ့အဆင့်ဆင့် အနားယူအစားထိုးလုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် “၂၀၂၅ ခုနှစ် သံဃနာယကအဆင့်ဆင့်အနားယူအစားထိုးလုပ်ငန်းစီမံချက်ရေးဆွဲရေးအဖွဲ့” ကို ဖွဲ့စည်းတာဝန်ပေးဆောင်ရွက်စေခဲ့ပါသည်ဘုရား။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်သည် သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းနှင့်လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ ပရိယတ္တိပညာရေးစာမေးပွဲဆိုင်ရာစည်းမျဉ်းစည်းကမ်းစသည်တို့၌ ပြဋ္ဌာန်းဖော်ပြပါရှိသည့် သာသနာ့လုပ်ငန်းတာဝန်များကိုသာအကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိပါသည်ဘုရား။ ထိုလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သံဃာထုကရွေးချယ်အပ်သောသံဃာသမ္မုတိရသံဃာ့ကိုယ်စားလှယ်တို့မှတစ်ဆင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကပေးအပ်သောတာဝန်ကို ထမ်းဆောင်နေခြင်းပင်ဖြစ်ပါသည်ဘုရား။ ယင်းသို့ဆောင်ရွက်ခြင်းသည် သာသနာ့ဝန်ထမ်း ရဟန်းတော်များအတွက် မြတ်စွာဘုရားရှင် သတ်မှတ်ပေးသနားတော်မူခဲ့သော ဂန္ထဓုရ၊ ဝိပဿနာဓုရ နှစ်ပါးကို ဘုရားရှင်အလိုတော်ကျဆောင်ရွက်နေခြင်းပင်ဖြစ်ပါသည်ဘုရား။

(အံ၊ ၃၊ ၇)

ထိုသို့ သာသနာရေးကိစ္စများကိုဆောင်ရွက်ကြရာတွင် **“အဋ္ဌိမေ ဘိက္ခဝေ လောကဓမ္မာ လောကံ အနုပရိဝတ္တန္တိ၊ လောကောစ အဋ္ဌ လောကဓမ္မေ အနုပရိဝတ္တတိ။ ကတမေ အဋ္ဌ၊ လာဘော စ အလာဘော စ ယသော စ အယသော စ နိန္ဒာ စ ပသံသာ စ သုခဉ္စ ဒုက္ခဉ္စ”** ဟူ၍ ဘုရားရှင် ဟောတော်မူသည့်အတိုင်း စီးပွားဥစ္စာရခြင်း၊ စီးပွားဥစ္စာမရခြင်း၊ အခြံအရံအကျော်အစောရှိခြင်း၊ အခြံအရံအကျော်အစောကင်းမဲ့ခြင်း၊ ကဲ့ရဲ့ခံရခြင်း၊ ချီးမွမ်းခံရခြင်း၊ ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်း၊ ကိုယ်စိတ်နှစ်ဖြာဆင်းရဲခြင်းဟူသော လောကဓံတရားရှစ်ပါးတို့သည် သတ္တဝါအပေါင်းသို့ အစဉ်တစိုက်လိုက်ပါကြမည်သာဖြစ်ပါသည်ဘုရား။ သတ္တဝါအပေါင်းတို့ကလည်း ဤလောကဓံတရားရှစ်ပါးတို့သို့ အစဉ်တစိုက်လိုက်ပါကြမည်လည်း ဖြစ်ပါသည်ဘုရား။ ဤလောကဓံတရားရှစ်ပါးတို့နှင့် မည်သူမျှ ကင်းကွာနိုင်ကြမည်မဟုတ်ပါ။ ပရိသတ်လေးပါးအလယ်၌ တင့်တယ်စွာစံပယ်နေထိုင်တော်မူ၍ တရားချီးမြှင့်တော်မူသောမြတ်စွာဘုရားရှင်ကိုယ်တော်ကိုပင် အချို့က ကဲ့ရဲ့ကြ၊ အချို့က ချီးမွမ်းကြသေးသည်ဟု ဓမ္မပဒအဋ္ဌကထာ(ဒု–၂၅၀)၌ ပြဆိုထားပါသည်ဘုရား။

ထို့အတူပင် “သံဃာ့ကိစ္စ သံဃာဆောင်ရွက်” ဟူသောမူအရ အခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများပါ ပြဋ္ဌာန်းချက်များနှင့်အညီ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စရပ်များကို ဆောင်ရွက်တော်မူကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးအပါအဝင် သာသနာရေးကိစ္စရပ်များကို ဆောင်ရွက်နေကြသော သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့ကို ကဲ့ရဲ့ပြစ်တင်သူများရှိကြသကဲ့သို့ ချီးမွမ်းဂုဏ်ပြုသူများလည်းရှိကြပါလိမ့်မည်။ ယင်းသို့ ကဲ့ရဲ့ခံကြရ ချီးမွမ်းခံကြရသည့်အခါ လိုက်နာပြုကျင့်ရမည့်နည်းလမ်းကို ဘုရားရှင်ကိုယ်တော်မြတ်က ပေးသနားခဲ့ပါသည်ဘုရား။

“နိန္ဒာယ နပ္ပဝေဓေယျ၊ န ဥန္နမေယျ ပသံသိတော ဘိက္ခု”

(သုတ္တနိပါတ်၊ ၄၂၃)

“ဘိက္ခု၊ ရဟန်းသည်၊ နိန္ဒာယ၊ သူတစ်ပါးကဲ့ရဲ့ခြင်းကြောင့်၊ နပ္ပဝေဓေယျ၊ စိတ်ဓာတ်တွန့်ဆုတ် မတုန်လှုပ်ရာ။ ပသံသိတော၊ ချီးမွမ်းခံရလျှင်လည်း၊ နဥန္နမေယျ၊ ဝမ်းသာလှုပ်ရှမတက်ကြွရာ”ဟူသော ဒေသနာတော်ကို ဦးထိပ်ရွက်ပန်ဆင်၍ ကဲ့ရဲ့ခံရလျှင်လည်း မတုန်လှုပ်၊ ချီးမွမ်းခံရလျှင်လည်းမတက်ကြွဘဲ စိတ်ဓာတ်တည်ငြိမ်အောင်ထားတော်မူကြရမည်ဟု နည်းလမ်းပေးသနားခဲ့ပါသည်ဘုရား။ ဆိုလိုသည်မှာ လောကဓံရှစ်ပါးနှင့်ကြုံဆုံရပါက လောကဓံတရားတို့၏မောင်းနှင်ရာသို့လိုက်ပါပြောင်းလဲခြင်းမရှိဘဲ ယောနိသော မနသိကာရတရားဖြင့် စိတ်ဓာတ်တည်ငြိမ်အောင်ထားတော်မူကြပြီး ရင်ဆိုင်ကြရမည်သာ ဖြစ်ပါသည်ဘုရား။

ထိုကဲ့ရဲ့မှု၊ ချီးမွမ်းမှုတို့ကို မမြဲသောအနိစ္စ၊ ဆင်းရဲသောဒုက္ခ၊ ဖောက်ပြန်ပြောင်းလဲခြင်းရှိသော ဝိပရိဏာမဓမ္မများသာဟု နှလုံးသွင်းဆင်ခြင်စဉ်းစားတော်မူကြ၍ တရားစစ်တရားမှန်၏သဘောမှန်သရုပ်သကန်ကို အမှန်အတိုင်းသိပြီးလျှင် ထိုကဲ့ရဲ့မှု၊ ချီးမွမ်းမှုကြောင့် လိုလားနှစ်သက်တပ်မက်မှုနှင့် ကိုယ်စိတ်ညှိုးနွမ်းပင်ပန်းမှုတို့ကိုပယ်ရှားလျက် ဝဋ်ဒုက္ခအားလုံးမှ လွတ်မြောက်နိုင်မှုများကို အင်္ဂုတ္တရနိကာယ်၊ အဋ္ဌကနိပါတ်၊ ဒုတိယလောကဓမ္မသုတ် (အံ၊ ၃၊ ၇၊ ၈၊ ၉)တွင် မြတ်စွာဘုရား အကျယ်တဝင့်ဟောကြားထားတော်မူသည်ကိုလည်း တွေ့နိုင်ပါသည်ဘုရား။

ထို့အပြင် ဘုရားတပည့်တော် ဖြည့်စွက်လျှောက်ထားလိုသည်မှာ “အန္ဓ ဗာလာနဉ္စိ နိန္ဒာ ဝါ ပသံသာ ဝါ အပ္ပမာဏာ၊ ပဏ္ဍိတေန ပန မေဓာဝိနော နိန္ဒိတော နိန္ဒိတော နာမ၊ ပသံသိတော စ ပသံသိတော နာမ ဟောတိ(ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၂၁၀) ဟူသော မြတ်စွာဘုရားရှင်၏ ဒေသနာလာသည့်အတိုင်း မသိနားမလည်သူများ၏ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းများသည် အလေးဂရုပြုလောက်သည့် လိုရင်းပမာဏမဟုတ်၊ ပညာရှိများကဲ့ရဲ့ခြင်းသည်သာ ကဲ့ရဲ့သည်မည်ကြောင်း၊ ပညာရှိများချီးမွမ်းခြင်းသည်သာ ချီးမွမ်းသည်မည်ကြောင်း ဟောကြားတော်မူသည့် အမိန့်ဒေသနာတော်ကို ဦးထိပ်ပန်ဆင်လျက် ပညာရှိသူတော်ကောင်းတို့ နှစ်ထောင်းအားရ ချီးမွမ်းကြမည့်သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စရပ်များကိုသာ ယောနိသော မနသိကာရတရားလက်ကိုင်ထား၍ ညီညာဖြိုးဖြိုးကြိုးပမ်းအားထုတ်တော်မူကြပါဟုတိုက်တွန်းရင်း ဘုရားတပည့်တော်၏ သာရဏီယဩဝါဒကထာကို နိဂုံးကမွတ်အဆုံးသတ်အပ်ပါသည် ဆရာတော်အရှင်မြတ်တို့ဘုရား။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၈ ံC | / | ၃၂ ံC |
| ရန်ကုန် | ၂၃ ံC | / | ၃၄ ံC |
| မန္တလေး | ၂၁ ံC | / | ၃၂ ံC |

## ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် နိုဝင်ဘာ ၂၂

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်း၌ နိုဝင်ဘာလ ၂၃ ရက်တွင် လေဖိအားနည်းရပ်ဝန်း(Low Pressure Area)တစ်ခုဖြစ်ပေါ်နိုင်သည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်–အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ နောက်နှစ်ရက်အတွင်း ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် မုန်တိုင်းငယ်(Depression)အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# မြစ်ကိုအလျားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**ယမန်နေ့မှအဆက်**

ဦးစံဖေနှင့်ကျွန်တော်သည် စနေနေ့ ဝေလီဝေလင်းကပင် အထုပ်ကလေးကိုယ်စီ လွယ်ပြီး ရွာအရှေ့ဘက် ကာရီတမံရိုးအတိုင်း ခြေကျင်လျှောက်လာကြ၏။ လယ်ကွင်းပြင်ဆုံးလျှင် ငန်းတောင်မြစ်ကမ်းခြေသို့ရောက်လာကြသည်။ လယ်သမားတစ်ဦးကို မြစ်တစ်ဖက်ကမ်းရှိ တပ်ရာရွာသားများပိုင် ခေါင်းဆွဲလယ်ကွင်းသို့ ကူးတို့ဖြင့် ပို့ခိုင်းလိုက်ကြ၏။ တပ်ရာရွာသားများ လယ်ကွင်းသို့အရောက်တွင် လယ်ကန်သင်းရိုးများကို ဖြတ်လျှောက်ပြီး လယ်ကွင်းအရှေ့ပိုင်းဆုံးအောင်အထိ လှမ်းလိုက်ကြရာ လယ်ကွင်းပြင်အဆုံးတွင် မြစ်ကြောင်းတစ်ခုကိုတွေ့ပြန်သည်။ ကျွန်တော်တို့အရေးကြုံနေခဲ့ပြီဖြစ်၍ လယ်သမားများကိုပဲ အကူအညီတောင်းပြီး မြစ်တစ်ဖက်ကမ်းရှိ စဥ့်အိုးကွဲ လယ်ကွင်းသို့ပို့ပေးဖို့ အကူအညီတောင်းလိုက်ကြပြန်သည်။

စဥ့်အိုးကွဲလယ်ကွင်း အရောက်တွင်လည်း ကျွန်တော်တို့ကား မနားပေ။ ဆွမ်းခံနေလှန်ချိန်ရောက်နေပြီဖြစ်၍ အချိန်သည် လွန်စွာတန်ဖိုးမြင့်နေပေပြီ။ သုတ်ခြေတင်ပြီး ဆက်လျှောက်မြဲလျှောက်ကြသည်။ လယ်ကွင်းပြင်ကြီးအဆုံးမှာတော့ မြေပုံမြို့နယ်နှင့် အမ်းမြို့နယ်စပ်မြို့နယ်ခြားတောင်ဆီးမြစ်ကြီးက ဆီးကြိုနေပြန်သည်။ ကျွန်တော်တို့ လယ်သမားတစ်ဦးကို မြစ်ကြီးကိုဖြတ်ပြီး ကူးတို့ဖြင့်ပို့ပေးရန် အကူအညီတောင်းလိုက်ကြပြန်၏။ စာသင်ကျောင်းဆောက်လုပ်ရေး ကိစ္စဆိုတော့ လယ်သမားများကလည်း မညည်းမညူပို့ပေးကြပါ၏။

မြစ်တစ်ဖက်ကမ်းသို့ အရောက်မှာတော့ အမ်းမြို့နယ် ဒုက္ကံရွာသားများပိုင် လယ်ကွင်းကြီးမှာ ရှုမောမဆုံးကျယ်ဘိသည်။ ဒုက္ကံရွာကိုလှမ်းကြည့်လျှင် ရိုးမတောင်ခြေတွင် ပျပျသာမြင်ရသည်။ ကျွန်တော်တို့တွေဝေမနေကြ။ ရေငန်တားတမံရိုးကြီးအတိုင်း အပြေးတစ်ပိုင်းလျှောက်လှမ်းလိုက်ကြသည်။ မနက်မလင်းခင်ကတည်းက မနားမနေ ခရီးနှင်လာခဲ့ကြခြင်းဖြစ်၍ ဝမ်းသမုဒ္ဒရာ အူအင်္ဂါက ဆာလှချေပြီ။ လူသူမနီးသည့် ကွင်းကြီးခေါင်ခေါင်တွင် အာဟာရအတွက် မည်သို့မျှကြံစည်မရကြ။ နေကလည်းပူလိုက်သည်မှာ ပြောစရာမရှိပြီ။ နွေနေက ကျောက်ခွဲမတတ် ပူလှပေသည်။

မွန်းလွဲပိုင်းလောက်တွင် အမ်းမြို့နယ် ဒုက္ကံရွာသို့ရောက်ရှိခဲ့ကြပါလေပြီ။ ချင်းလူမျိုးများနေထိုင်ကြသော ရွာကလေးပင်ဖြစ်သည်။ ဦးစံဖေ၏အသိ ချင်းအမျိုးသား အောင်ကျော်မင်းအိမ်ကိုမေးကြည့်ပြီး ဝင်နားလိုက်ကြ၏။ အောင်ကျော်မင်းအိမ်တွင်ပဲ မနက်စာစားပြီး ရခိုင်ရိုးမတောင်ခြေအတိုင်း ခရီးဆက်ခဲ့ကြပြန်သည်။ ဝေးလံသော တောကြိုတောင်ကြားလမ်းဖြစ်၍ လူသူအသွားအလာလည်းမရှိကြ။ နေခြည်ညိုးလာပြီမို့ ကြောက်စိတ်များဝင်လာကြသည်။ တောင်တန်းတစ်ခုကြားမှထွက်ကြချိန်တွင် ရှေ့ဆီသို့လှမ်းမျှော်ကြည့်လိုက်ကြသည်။ ရေနံ့ဆီမီးခွက်မီးလေးများ မှိတ်တုတ်မှိတ်တုတ်ကို လှမ်းမြင်ကြရသည်။ မဝှမ်းရွာဟု ဦးစံဖေကပြောသည်။ မိုးချုပ်ချိန်မှာတော့ ကျွန်တော်တို့ ရွာထဲသို့ ရောက်ခဲ့ကြလေပြီ။ မဝှမ်းရွာကိုရောက်တော့ ဦးအောင်တင် (ကျောင်းအုပ်) (မာန်အောင်ကျွန်းသား) အိမ်မှာပဲ တည်းခိုပြီး ညအိပ်လိုက်ကြသည်။

မြစ်အတန်တန်ကိုဖြတ်၊ လယ်ကွင်းစပ်ကိုကျော်ပြီး ရိုးမတောင်ကြီး တောင်ခြေလမ်းအတိုင်း မနားတမ်းလျှောက်လှမ်းလာခဲ့ရသော ခရီးကြမ်းက လွယ်မတဲ့လား။ ကျောင်းဆရာဘဝကို မြတ်နိုးတွယ်တာ တန်ဖိုးထားလွန်းလှသော ကျွန်တော်မောသည်ဟု သဘောမထားခဲ့ပါ။ ကျေးလက်နေ ရင်သွေးငယ်များ၏ ပညာရေးမို့ ချွေးမြေကျအောင်အထိ ကြိုးစားခဲ့ခြင်းပင်ဖြစ်ပေသည်ဟုဆိုက မှားမတဲ့လား။

● ● ● ● ● ● ●

တနင်္ဂနွေနေ့မနက်တွင်တော့ မဝှမ်းရွာနေ ဆရာဦးအောင်တင်နှင့်ပဲ သစ်ပို့ပေးနိုင်သည့်လူကိုစုံစမ်းပြီး အစီအစဉ်ချလိုက်ကြသည်။ မွန်းလွဲပိုင်းလောက်ရောက်မှပဲ လုပ်ငန်းအဆင်ပြေသွားတော့သည်။

"ကဲ ဆရာကြီးရေ ကျွန်တော်မနက်ဖြန် တနင်္လာနေ့ကျောင်းချိန်မီဖို့လိုတယ်၊ သွားလိုက်ဦးမယ်နော်"

"ဒါနဲ့ ဆရာကြီးဦးဘညွန့်ကို ပြောရဦးမယ်၊ နေမဝင်ခင်တော့ ဒုက္ကံရွာအရောက်သွားရမှာနော်၊ အဲဒီတစ်ဝိုက်မှာ ကျားရောက်နေတယ်ကြားတယ်ဗျ"

"ဟုတ်လား ကံတရားပဲ သွားပြီဗျာ"

ဦးစံဖေနှင့်ကျွန်တော်ကား ခြေကုန်သုတ်ခဲ့ကြပြန်လေပြီ။ လမ်းတစ်ဝက်မှာပဲ နေခြည်ညှိုးလို့ မှောင်ရီပျိုးခဲ့ပြန်လေပြီ။

"ဦးစံဖေရေ တို့ ဒီအတိုင်းသွားရင် ဒုက္ကံကို ညနက်မှရောက်မှာ၊ ကဲ ပြေးလိုက်ကြစို့"

ဦးစံဖေနှင့်ကျွန်တော်တို့ကား တာထွက်ကြသည့်အပြေးသမားများနှယ် တစ်ယောက်နောက်တစ်ယောက်လိုက်ကာ ပြိုင်တူပြေးခဲ့ကြလေပြီ။ တောလမ်းတစ်လျှောက် အစွန်းထွက်နေကြသော သစ်ခက်သစ်ရွက်တို့က ရိုးမတောလမ်းသွားခရီးသည်နှစ်ဦးအား မညှာမတာရိုက်နှက်ကြ၏။ သို့သော် ကျွန်တော်တို့ကား မဖြုံပေ၊ ပြေးမြဲပြေးကြ၏။ ကလေးမဟုတ် သူငယ်မဟုတ် တောလမ်းထဲပြေးနေကြသည်မှာ လူမြင်လျှင် ရယ်ဖွယ်ရာလည်းဖြစ်ချေ၏။ ပြောရလျှင် ကျွန်တော်တို့နှစ်ယောက်မှာ ညအချိန် လူသူအသွားအလာမရှိသည့်အချိန်ဖြစ်၍ အရဲစွန့်ပြီး ပြေးနေကြခြင်းပင်ဖြစ်သည်။ သို့သော် ကျွန်တော်တို့နှစ်ယောက် တောက်လျှောက်မပြေးနိုင်ကြပေ။ အနေးသွားလိုက်၊ ပြေးလိုက်နှင့်ပဲ မနားတမ်းလှမ်းခဲ့ကြသည်။ ဒုက္ကံရွာအရောက်တွင် အောင်ကျော်မင်းတို့အိမ်မှာပဲ ညအိပ်တည်းခိုလိုက်ကြသည်။

**ဆက်လက်ဖော်ပြပါမည်။**

## တိုင်းရင်းဆေးအမှန်သမားတော်များညီလာခံ

❀ ဇမ္ဗူဒီပါ လက်ယာကျွန်း
သြဘာထွန်းတဲ့ ပြည်မြန်မာ။
ရှင်သန်ရာ ပင်နွယ်မြက်
ဆေးဖက်ဝင်တာ။
ကျိုချက်လို့ အရည်တင်ကာ
ခံမင်စွာ သုံးပါကြောင်း။
ရှေးထုံးစံ စဉ်လာမပျက်တယ်
ခုထက်တိုင်ကောင်း။

❀ အပင်မှာ သဘာဝစု
အသုံးကျမှု အခြေခံ။
ဆက်နွယ်ပြန် အကြောင်းတရား
မှတ်သားလို့ကြံ။
တိုင်းရင်းဆေး ဖော်စပ်ဟန်
သင့်လျော်မှန် ဧကန်ပြု။
အာရောဂျံ ပရမံလာဘ်ကို
ရအပ်နေမှု။

❀ တိုင်းနိုင်ငံ ဒေသများမှ
သမားတော်များ လာရောက်တာ။
ညီလာခံ သဘင်ပွဲ
ဆင်နွှဲကြမှာ။
နှစ်ဆယ်သုံး ကြိမ်ရောက်လာ
နိုဝင်ဘာ ချိန်ခါရောက်။
နေပြည်တော် ဗဟိုစခန်းက
ကမ်းလှမ်းကြိုထောက်။

❀ ကျင်းပတာ ရည်ရွယ်ချက်
သွေမပျက် ငါးခုလာ။
ဆေးပညာ စာသင်ရိုး
ဖွံ့ဖြိုးရမှာ။
ဆတိုးလို့ ထုတ်လုပ်ရာ
ပြည့်မီတာ အရည်အသွေး။
ဆွေးနွေးရှင်ဆရာများရယ်
တိုးပွားဖို့လေး။ ။

**စိန်ငွေးလှိုင် (ပခုက္ကူ)**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၁၁-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၁၅ | ၃၀၃၅ | ၃၀၀၀ | ၂၉၆၅ | ၃၀၃၅ | ၃၀၅၀ | ၃၀၆၀ | ၃၀၁၅ | ၄၅၀၅ | ၃၁၇၀ | ၃၀၂၅ | ၃၀၄၀ | ၃၀၇၀ | ၃၀၆၀ | ၃၀၇၅ | ၃၄၇၅ | ၃၉၅၀ |
| 95 Ron | ၃၁၅၀ | ၃၂၃၀ | ၃၂၀၅ | ၃၁၆၀ | ၃၂၃၅ | ၃၂၄၅ | ၃၂၆၀ | ၃၂၁၀ | ၄၅၆၀ | ၃၃၇၀ | ၃၂၂၀ | ၃၂၃၅ | ၃၂၇၀ | ၃၂၅၅ | ၃၂၇၀ | ၃၆၇၅ | ၄၁၀၀ |
| HSD (500 ppm) | ၂၆၂၀ | ၂၇၀၀ | ၂၆၇၅ | ၂၆၃၀ | ၂၇၀၅ | ၂၇၁၅ | ၂၇၃၀ | ၂၆၈၀ | - | ၂၈၄၀ | ၂၆၉၀ | ၂၇၀၅ | ၂၇၄၀ | ၂၇၂၅ | ၂၇၄၀ | ၃၁၄၅ | ၃၉၅၀ |
| HSD (50 ppm) | ၃၂၅၅ | ၃၃၄၀ | ၃၃၀၅ | ၃၂၆၅ | ၃၃၄၀ | ၃၃၅၀ | ၃၃၆၅ | ၃၃၂၀ | ၄၈၃၀ | ၃၄၇၅ | ၃၃၂၅ | ၃၃၄၅ | ၃၃၇၅ | ၃၃၆၅ | ၃၃၇၅ | ၃၇၈၀ | - |
| HSD (10 ppm) | ၃၂၅၅ | ၃၃၄၀ | ၃၃၀၅ | ၃၂၆၅ | ၃၃၄၀ | ၃၃၅၀ | ၃၃၆၅ | ၃၃၂၀ | - | ၃၄၇၅ | ၃၃၂၅ | ၃၃၄၅ | ၃၃၇၅ | ၃၃၆၅ | ၃၃၇၅ | ၃၇၈၀ | - |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၉၉ | ၂၈၈၉ |
| 95 Ron | ၂၉၈၉ | ၃၀၈၃ |
| HSD (500 ppm) | ၂၄၇၅ | ၂၅၅၄ |
| HSD (50 ppm) | ၃၀၉၂ | ၃၁၈၄ |
| HSD (10 ppm) | ၃၀၉၂ | ၃၁၈၄ |

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း
လုပ်ငန်းကြီးကြပ်ရေးကော်မတီ**



မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် အနုပညာရှင်များက အကအလှများဖြင့် သီဆိုကပြဖျော်ဖြေစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သီဆိုကပြဖျော်ဖြေခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့်ဂုဏ်ပြုဆုငွေများပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သီဆိုကပြဖျော်ဖြေခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် အနုပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

★ ရှေ့ဖုံးမှအဆက်

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ အင်ဂျင်နီယာပညာရှင်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဆရာ၊ ဆရာမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပပြုလုပ်မည့် နေရာသို့ရောက်ရှိကြရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ကျောင်းသား၊ ကျောင်းသူများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက တေးသီချင်းများ၊ သရုပ်ဖော်အကများ၊ တိုင်းရင်းသားယဉ်ကျေးမှုအကအလှများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သီဆိုကပြဖျော်ဖြေခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပစဉ်။

## ညအပူချိန်လျော့နည်းခဲ့သောစခန်းများ၏ ၂၂-၁၁-၂၀၂၄ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ

| မြို့အမည် | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် |
|---|---|---|
| ဟားခါးမြို့ | ၅.၀ | ၄၁.၀ |
| ပြင်ဦးလွင်မြို့ | ၈.၆ | ၄၇.၅ |
| တီးတိန်မြို့ | ၉.၄ | ၄၈.၉ |
| ပူတာအိုမြို့ | ၁၀.၀ | ၅၀.၀ |
| နမ့်စန်မြို့(ရှမ်းပြည်နယ်တောင်ပိုင်း) | ၁၁.၃ | ၅၂.၃ |
| လွိုင်လင်မြို့ | ၁၁.၅ | ၅၂.၇ |

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်(၂၃) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင်ပြောကြားသည့် အဖွင့်ဂုဏ်ပြုမိန့်ခွန်း

(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက် )



**❖ မြန်မာ့တိုင်းရင်းဆေးပညာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး အဆင့်အတန်းမြင့်မားလာစေရေးအတွက် ပံ့ပိုးစွမ်းဆောင်နိုင်မယ့် တိုင်းရင်းဆေးတက္ကသိုလ်ကြီးကိုဖွင့်လှစ်ပြီး မြန်မာ့တိုင်းရင်းဆေးပညာရှင် လူ့စွမ်းအားအရင်းအမြစ်များကို နှစ်စဉ်မွေးထုတ်ပေးလျက်ရှိ . . .**

**❖ မြန်မာ့တိုင်းရင်းဆေးပညာဆိုင်ရာ ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်တွေကို ခိုင်မြဲတည်တံ့အောင်ထိန်းသိမ်းစောင့်ရှောက်ပြီး လက်ဆင့်ကမ်းမျှဝေပေးဖို့နဲ့ ပိုမိုတိုးတက်လာစေဖို့ကတော့ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးတွေရဲ့ တာဝန်ပဲဖြစ် . . .**

အားလုံးမင်္ဂလာပါ။

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနဲ့ မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို တက်ရောက်လာကြတဲ့တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ၊ ဆက်စပ်နှီးနွှယ်ပညာရှင်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံနိုင်ကြပါစေ၊ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နဲ့ ပြည့်စုံကြပါစေ၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ဆေးပညာကို မြတ်နိုးတန်ဖိုးထား ထိန်းသိမ်းမြှင့်တင်နိုင်သူများဖြစ်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလျက် ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနဲ့ မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲတွေကို ၂၀၀၀ ပြည့်နှစ်က စတင်ပြီး နှစ်စဉ်ကျင်းပလာခဲ့တာ အခုဆိုရင် (၂၃)ကြိမ်မြောက် ကျင်းပနိုင်ပြီဖြစ်ပါတယ်။ ယခုနှစ်ညီလာခံကို **“တိုင်းရင်းဆေးပညာသင်ကြားရေးဆိုင်ရာ အရည်အသွေးအသိအမှတ်ပြုနိုင်စေရန်” “တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းဆေးဝါးများ ခေတ်စနစ်နှင့်အညီထုတ်လုပ်နိုင်စေရန်” “အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ ပိုမိုမွေးထုတ်ပေးနိုင်စေရန်” “ မြန်မာ့တိုင်းရင်းဆေးပညာ ရိုးရာယဉ်ကျေးမှုအမွေအနှစ်အား လေးစားတန်ဖိုးထားတတ်စေရန် ”**ဆိုတဲ့ရည်ရွယ်ချက်တွေနဲ့ကျင်းပသွားမယ်လို့သိရပါတယ်။ ညီလာခံနဲ့ နှီးနှောဖလှယ်ပွဲတွေကို နှစ်စဉ်ကျင်းပပေးနေရခြင်းက မြန်မာ့သမိုင်းစဉ်တစ်လျှောက်မှာ ပြည်သူလူထုရဲ့ ကျန်းမာရေးကို မြန်မာ့တိုင်းရင်းဆေးပညာ၊ တိုင်းရင်းဆေးဝါးတွေနဲ့ ထိထိရောက်ရောက်စောင့်ရှောက်ကုသမှုပေးခဲ့ကြတဲ့အစဉ်အလာအတိုင်း ပြည်သူလူထုရဲ့ကျန်းမာရေးကို မိမိနိုင်ငံရဲ့ တိုင်းရင်းဆေးပညာ၊ တိုင်းရင်းဆေးဝါးတွေနဲ့ ပိုမိုစောင့်ရှောက်မှုပေးနိုင်ရေး ရည်ရွယ်ပြုလုပ်ပေးခြင်းဖြစ်ပါတယ်။

ဒီနေ့အချိန်အခါဟာ နိုင်ငံတော်ရဲ့ အမျိုးသားရေးဦးတည်ချက်တစ်ရပ်ဖြစ်တဲ့ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မယ့်ကျန်းမာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လူသားအရင်းအမြစ်ဟာ အဓိကကျပြီး ကျန်းမာရေးနဲ့ပတ်သက်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်ပညာရှင်များနဲ့သာ နိုင်ငံတော်ကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ မြန်မာ့တိုင်းရင်းဆေးပညာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး အဆင့်အတန်းမြင့်မားလာစေရေးအတွက် ပံ့ပိုးစွမ်းဆောင်နိုင်မယ့်တိုင်းရင်းဆေးတက္ကသိုလ်ကြီးကိုဖွင့်လှစ်ပြီး မြန်မာ့တိုင်းရင်းဆေးပညာရှင် လူ့စွမ်းအားအရင်းအမြစ်များကို နှစ်စဉ်မွေးထုတ်ပေးလျက်ရှိပါတယ်။

ပြည်သူများရဲ့မျှော်မှန်းသက်တမ်း ပိုမိုမြင့်မားလာစေဖို့နဲ့ လူတိုင်းလက်လှမ်းမီ အရည်အသွေးပြည့်ဝတဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို အားလုံးရရှိစေဖို့ အတွက်တိုင်းရင်းဆေးသမားတော်များနဲ့လုပ်ငန်းရှင်များကလည်း တိုင်းရင်းဆေးကဏ္ဍကနေ တစ်တပ်တစ်အားပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

မြန်မာ့တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်တွေဖြစ်တဲ့ ဒေသနာနယ၊ ဘေသဇ္ဇနယ၊ ဝိဇ္ဇာဓရနယ၊ နက္ခတ္တနယဆိုတဲ့ နယကြီးလေးပါးကို အခြေတည်ပြီး လက်တွေ့ပျောက်ကင်းအောင် ကုသနိုင်ခဲ့တဲ့ ကုထုံးများ၊ စာပေမှတ်တမ်းများ၊ ခေတ်အဆက်ဆက် ရေးသားခဲ့တဲ့ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ပေ၊ ပုရပိုက်များ၊ စာပေကျမ်းဂန်တွေနဲ့ ဆေးကျမ်းတွေဟာ တန်ဖိုးအလွန်ကြီးမားပါတယ်။ ဒါကြောင့်လည်း မြန်မာ့တိုင်းရင်းဆေးပညာဆိုင်ရာ ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်တွေကို ခိုင်မြဲတည်တံ့အောင်ထိန်းသိမ်းစောင့်ရှောက်ပြီး လက်ဆင့်ကမ်းမျှဝေပေးဖို့နဲ့ ပိုမိုတိုးတက်လာစေဖို့ကတော့ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးတွေရဲ့ တာဝန်ပဲဖြစ်ပါတယ်။

ဒီနှစ် နှီးနှောဖလှယ်ပွဲမှာ စာတမ်း(၁၃)စောင်ကို ဖတ်ကြားသွားမယ်လို့သိရပါတယ်။ အဲဒီစာတမ်းတွေမှာ တိုင်းရင်းသားတွေရဲ့ ရိုးရာဆေးဝါးတွေ၊ ကုထုံးတွေ ပါဝင်နေတာတွေ့ရှိရတဲ့အတွက် တိုင်းရင်းသားတွေ လက်တွေ့အသုံးပြုနေတဲ့ အဆိုပါဆေးဝါးတွေနဲ့ကုထုံးတွေကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့်သိရှိအသုံးပြုနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြဖို့ အလေးထားမှာကြားလိုပါတယ်။

ဆက်လက်ပြီးတော့လည်း အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းတဲ့၊ အကျိုးအာနိသင်ရှိတဲ့ တိုင်းရင်းဆေးဝါးတွေကို အများပြည်သူသုံးစွဲနိုင်ဖို့အတွက် တိုင်းရင်းဆေးသုတေသနလုပ်ငန်းတွေကို ပိုမိုဆောင်ရွက်ပြီး မှတ်တမ်းတင်ထားရှိဖို့ လိုပါတယ်။ ဆောင်ရွက်ပြီး သုတေသနတွေကို မှတ်ကျောက်တင်နိုင်ဖို့အတွက် နှစ်စဉ် စာတမ်းဖတ်ပွဲတွေကို ကျင်းပပေးခဲ့ရာမှာ ယခုနှစ်မှာ (၁၃)ကြိမ်မြောက် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ ကျင်းပနိုင်ခဲ့တာကိုတွေ့ရပါတယ်။ ဒါကြောင့် တိုင်းရင်းဆေးသမားတော်တွေ၊ သုတေသနပညာရှင်တွေ၊ ဆေးဝါးပညာရှင်တွေ၊ နှီးနွှယ်ပညာရှင်တွေနဲ့ တိုင်းရင်းဆေးဝါးထုတ်လုပ်သူတွေအားလုံးတို့က မျက်ခြည်မပြတ်ဆန်းစစ်လေ့လာပြီး ကြိုးပမ်းအားထုတ်ကြရမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်ကပြုလုပ်ခဲ့တဲ့ (၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနဲ့ မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ဆောင်ရွက်ခဲ့မှုတွေကို မှတ်တမ်းစာအုပ်အဖြစ်ပြုစုထားတာတွေ့ရလို့ ဝမ်းသာမိပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်လျက်ရှိရာမှာ တိုင်းရင်းဆေးဆိုင်ရာကဏ္ဍကိုလည်း ကျယ်ကျယ်ပြန့်ပြန့်ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းရင်းဆေးပညာကို ခေတ်နဲ့အညီ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် နိုင်ငံတကာကို ပညာသင်များစေလွှတ်ပြီး နည်းပညာများသင်ယူခြင်း၊ မျှဝေခြင်း၊ မိမိနိုင်ငံနဲ့လိုက်လျောညီထွေပြန်လည်အသုံးချပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်တာတွေလုပ်ကြရမှာဖြစ်ပါတယ်။ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)နဲ့ တရုတ်နိုင်ငံ၊ ယူနန်တိုင်းရင်းဆေးတက္ကသိုလ်တို့ ၂၀၂၄ ခုနှစ်၊ ဇွန်လ(၂၅)ရက်နေ့မှာ နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပြီး တိုင်းရင်းဆေးပညာပိုမိုဖွံ့ဖြိုးရေးအတွက် လမ်းညွှန်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နေတာတွေ့ရလို့ ဝမ်းမြောက်မိပါတယ်။

နိုင်ငံတော်က ကျန်းမာရေးစောင့်ရှောက်မှုတွေမှာ တိုင်းရင်းဆေးပညာနဲ့ ပါဝင်အားဖြည့်နိုင်ဖို့အတွက် တိုင်းရင်းဆေးကဏ္ဍကို အလေးအနက်ထားပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါတယ်။ နိုင်ငံတော်ရဲ့ အားပေးမှုနဲ့အတူ တိုင်းရင်းဆေးပညာရှင်များကလည်း ပြည်သူလူထုရဲ့ကျန်းမာရေးကို အစဉ်အမြဲစောင့်ရှောက်ပေးနေတာတွေ့ရပါတယ်။ ဒါ့အပြင် သဘာဝဘေးအန္တရာယ်နဲ့ ကပ်ရောဂါများတွေ့ကြုံရင်ဆိုင်လာရင်လည်း ပြည်သူကို တိုင်းရင်းဆေးပညာနဲ့ စောင့်ရှောက်ကူညီပေးနေတာတွေ့ရလို့ ကျေနပ်အားရမိပါတယ်။

ဒါ့အပြင် နိုင်ငံတော်ရဲ့စီးပွားရေးဦးတည်ချက်တစ်ရပ်ဖြစ်တဲ့ တိုးတက်ကောင်းမွန်လာတဲ့ စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြုပြီး (MSME) စက်မှုလုပ်ငန်းတွေကို အားပေးဆောင်ရွက်ရေးနဲ့ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာမှာ တိုင်းရင်းဆေးကုန်ကြမ်းတွေကိုအခြေခံတဲ့ မြန်မာ့တိုင်းရင်းဆေးဝါးထုတ်ကုန်တွေရဲ့ အသေးစား၊ အငယ်စားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)တွေကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပံ့ပိုးပေးလျက်ရှိပါတယ်။ မြန်မာ့တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနဲ့ ပတ်သက်ပြီး (MSME)လုပ်ငန်းတွေကို အိမ်တွင်းစက်မှုလုပ်ငန်းအဆင့်သာမဟုတ်ဘဲ ဒေသအဆင့်၊ နိုင်ငံအဆင့်မှသည် ပြည်ပပို့ကုန်အထိဖြစ်စေရေးအတွက် တိုင်းရင်းဆေးဝါးတွေကို အရည်အသွေးမြှင့်တင်ပြီး ကျယ်ကျယ်ပြန့်ပြန့်ထုတ်လုပ်နိုင်ကြမယ်ဆိုရင် နိုင်ငံ့စီးပွားရေးကို အထောက်အပံ့ပေးနိုင်မှာဖြစ်ပါတယ်။

မြန်မာ့တိုင်းရင်းဆေးပညာအဆိုအရ သက်ရှည်ကျန်းမာပြီး ရောဂါဘယကင်းရှင်းနိုင်စေဖို့ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါးနည်းစနစ်နဲ့အညီ ပြုမူနေထိုင်စားသောက်ရင် **စာမျက်နှာ ၇ သို့ ◆**

◆ စာမျက်နှာ ၆ မှအဆက်

ကျန်းမာခြင်းအကျိုးရှိမှာဖြစ်ပါတယ်။ တိုင်းရင်းဆေးပညာရှင်တွေက ကျေးလက်ဒေသအောက်ခြေအထိ ကွင်းဆင်းဆေးကုသခြင်းနဲ့အတူ ပြည်သူလူထုကို တိုင်းရင်းဆေးပညာနည်းစနစ်တွေ နေ့စဉ်မျှတစွာ ပြုမူနေထိုင်စားသောက်တတ်ကြစေဖို့ ကျန်းမာရေးအသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေတာတွေ့ရတဲ့အတွက် ဝမ်းသာကျေနပ်အားရမိပါတယ်။ ယခုထက်ပိုမိုပြီး ဆောင်ရွက်ကြဖို့လည်း တိုက်တွန်းလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနဲ့ မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို နှစ်စဉ်ကျင်းပပေးတဲ့ရည်ရွယ်ချက်ကတော့ ပြည်သူလူထုရဲ့ကျန်းမာရေးကို တိုင်းရင်းဆေးပညာနဲ့ အရှည်တည်တံ့စွာစောင့်ရှောက်နိုင်ပြီး ပြည်သူတွေအနေနဲ့လည်း တိုင်းရင်းဆေးပညာကို ပိုမိုယုံကြည်လေးစားအားကိုးအားထားပြုနိုင်ကြစေဖို့ဖြစ်ပါတယ်။

ဒီလိုရည်မှန်းချက်နဲ့တွေ့ဆုံကြတဲ့ ဒီညီလာခံကြီးမှာ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်၊ ကျန်းမာရေးဝန်ကြီးဌာနနဲ့ နီးနွယ်ဆက်စပ်ဝန်ကြီးဌာနတွေက ပညာရှင်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနဲ့ ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းမှကိုယ်စားလှယ်များ၊ နိုင်ငံတစ်ဝန်းလုံးမှ တိုင်းရင်းဆေးပညာရှင်များ ချစ်ခင်ရင်းနှီးစွာဖြင့် စုပေါင်းညီညာ တိုင်ပင်ဆွေးနွေးနှီးနှောနိုင်ကြပါစေ၊ မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်မှုအရှိန်ကို မြှင့်တင်ပြီး ပြည်သူလူထုရဲ့ကျန်းမာရေးကို အရည်အသွေးပြည့်ဝစွာနဲ့ ပိုမိုတိုးမြှင့်စောင့်ရှောက်ပေးနိုင်ကြပါစေလို့ ဆန္ဒပြုဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်လိုက်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

**❖ မြန်မာ့တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနဲ့ပတ်သက်ပြီး (MSME) လုပ်ငန်းတွေကို အိမ်တွင်းစက်မှုလုပ်ငန်းအဆင့်သာမဟုတ်ဘဲ ဒေသအဆင့်၊ နိုင်ငံအဆင့်မှသည် ပြည်ပပို့ကုန်အထိဖြစ်စေရေးအတွက် တိုင်းရင်းဆေးဝါးတွေကို အရည်အသွေးမြှင့်တင်ပြီး ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်နိုင်ကြမယ်ဆိုရင် နိုင်ငံ့စီးပွားရေးကို အထောက်အပံ့ပေးနိုင်မှာဖြစ် . . .**

**❖ မြန်မာ့တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်မှုအရှိန်ကို မြှင့်တင်ပြီး ပြည်သူလူထုရဲ့ကျန်းမာရေးကို အရည်အသွေးပြည့်ဝစွာနဲ့ ပိုမိုတိုးမြှင့်စောင့်ရှောက် . . .**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဆေးကုသမှုခံယူနေသူတစ်ဦးအား ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

နေပြည်တော် နိုဝင်ဘာ ၂၂

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့ရှိ နယ်မြေခံဆေးတပ်ရင်းနှင့် နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိတပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)၊ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)နှင့် သန်လျင်မြို့ရှိ တပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့်ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦးအား ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ဆေးကုသမှုခံယူနေသူများအား ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ဆေးကုသမှုခံယူနေသူတစ်ဦးအား စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

# သီတဂူစက္ခုဒါနဆေးရုံ(ရန်ကုန်)တွင် မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေးလျက်ရှိရာ မျက်စိဝေဒနာရှင် ၂၅၀၀ ဦးခန့် ကြိုတင်စာရင်းပေးထား

ရန်ကုန် နိုဝင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပင်လုံလမ်းရှိ သီတဂူဗုဒ္ဓတက္ကသိုလ်(ရန်ကုန်) ၈ ထပ်ကျောင်းဆောင်သီတဂူစက္ခုဒါနအဆင့်မြင့်ဆေးရုံကြီးတွင် အဋ္ဌမအကြိမ်မြောက် မျက်စိဝေဒနာရှင်များအားအခမဲ့ကုသပေးလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ မျက်စိဝေဒနာရှင်များလာရောက်ပြသလျက်ရှိသည်။

ထိုသို့ လာရောက်ပြသလျက်ရှိရာသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက လိုအပ်သည်များ ဝိုင်းဝန်းဆောင်ရွက်ပေးနိုင်ရေးနှင့် ဆရာတော်ကြီး၏မိန့်ကြားလမ်းညွှန်ချက်များဆောင်ရွက်ပေးနိုင်ရေး ယနေ့မွန်းလွဲပိုင်းတွင် ဆရာတော်ကြီးသီတင်းသုံးရာသီတဂူဗုဒ္ဓတက္ကသိုလ်သို့ သွားရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နိုင်ငံတော်ဩဝါဒါစရိယ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိကဗဟုဇနဟိတဓရ သာသနဓဇဓမ္မာစရိယ အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ သီတဂူဆရာတော်ကြီးအားဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများနှင့်မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးရာတွင် လိုအပ်သည့်နေရာများ၌အသုံးပြုနိုင်ရေး အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မျက်စိအထူးကုဆရာဝန်ကြီးများက ဆေးရုံတွင်တပ်ဆင်ထားသည့် ခေတ်မီစမ်းသပ်စစ်ဆေးသည့်စက်သစ်ကြီးများဖြင့် ခွဲစိတ်ကုသရန် စမ်းသပ်စစ်ဆေးနေမှုကိုလည်းကောင်း၊ ဆေးကုသရန်စောင့်ဆိုင်းနေသည့် လူနာများကိုလည်းကောင်း ကြည့်ရှု၍အားပေးစကားပြောကြားသည်။

မျက်စိဝေဒနာရှင် ၂၅၀၀ ဦးကျော် ကြိုတင်စာရင်းပေးသွင်းထားရာ ယနေ့တွင် ၅၀၀ ဦးခန့် လာရောက်ပြသကြောင်းနှင့် အခမဲ့စမ်းသပ်၊ စစ်ဆေး၊ ခွဲစိတ်ကုသပေးခြင်းများကို နိုဝင်ဘာလ ၂၂ ရက်မှ ၂၇ ရက်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ယင်းအပြင် နိုဝင်ဘာလ ၃၀ ရက်တွင် မျက်စိအခမဲ့ခွဲစိတ်မှုခံယူထားသူများကို အမြင်အာရုံကောင်း/မကောင်း၊ မျက်စိထဲတွင်ထည့်ပေးထားသော Lens စောင်းသွားခြင်းရှိ/မရှိ၊ တည့်/မတည့်၊ နေရာရွေ့မှု ရှိ/မရှိ၊ မျက်စိအောင့်ခြင်း၊ ကိုက်ခဲခြင်းများအတွက် အထူးကုဆရာဝန်ကြီးများကစစ်ဆေးပြီး လိုအပ်သည့်ဆေးဝါးများထုတ်ပေးခြင်းများကိုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **လင်းခန့်**

## ၂၀၂၄ ခုနှစ်၊ ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

- ★ တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုများတည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရေး။
- ★ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ အတတ်ပညာပြည့်ဝသော ပညာတတ်များ ပေါ်များရေး။
- ★ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီပံ့ပိုးရေး။
- ★ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေး။

## ၂၀၂၄ ခုနှစ်၊ ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

**ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့၊ တစ်မျိုးသားလုံးညီညွတ်စို့။**

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၂၅-၁၁-၂၀၂၄)

# အင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်နှင့်အတူ Naypyitaw State Polytechnic University ကို အောင်အောင်မြင်မြင် ဖွင့်လှစ်နိုင်ပြီ

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာကဏ္ဍတွင် ထူးခြားဆန်းသစ်စေမည့် နိုင်ငံ့ထိပ်တန်းတက္ကသိုလ်တစ်ခုအဖြစ် Naypyitaw State Polytechnic University ကို နိုဝင်ဘာလ ၂၁ ရက်က ဖွင့်လှစ်ခဲ့သည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ်(၁၀၀) ပြည့် ရာပြည့်သဘင်အထိမ်းအမှတ်အဖြစ် Naypyitaw State Polytechnic University နှင့်အတူ Polytechnic University ငါးခုကို ကျိုင်းတုံ၊ ပင်လုံ၊ မြိတ်၊ ထားဝယ်နှင့် မအူပင်မြို့တို့တွင် နိုဝင်ဘာလ ၂၁ ရက်က တစ်ပြိုင်နက်တည်း ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ရာ Polytechnic University များနှင့်ပတ်သက်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ရပါသည်။



**မေး။ ။ Naypyitaw State Polytechnic University ဖွင့်လှစ်ရတဲ့ရည်ရွယ်ချက်ကို ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ။ နေပြည်တော်ကောင်စီနယ်မြေက မြန်မာနိုင်ငံရဲ့ မြို့တော်ဖြစ်တာနဲ့အညီ နေပြည်တော်ကို ပညာရေးမြို့တော်ဖြစ်လာစေဖို့၊ နိုင်ငံတော်နဲ့ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံမှာ လိုအပ်လျက်ရှိတဲ့ အင်ဂျင်နီယာနဲ့ ကွန်ပျူတာပညာရပ်ဆိုင်ရာ လူငယ်ကျွမ်းကျင်ပညာရှင်တွေကို အရည်အချင်းပြည့်ဝစွာ လုံလုံလောက်လောက် မွေးထုတ်ပေးနိုင်ဖို့၊ နိုင်ငံ့အကျိုးပြုသုတေသနစီမံကိန်းတွေကို မြှင့်တင်ဆောင်ရွက်နိုင်ဖို့၊ ဒေသတွင်းပြည်သူတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို လက်တွေ့ကျကျ အထောက်အကူပြုနိုင်စေဖို့ စတဲ့ရည်ရွယ်ချက်တွေနဲ့ တည်ထောင်ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။

**မေး။ ။ ဘယ်လို ဘာသာရပ်တွေကို သင်ကြားပို့ချပေးပြီး ဘယ်လိုဘွဲ့ချီးမြှင့်မယ်ဆိုတာ သိရှိလိုပါတယ်။**

ဖြေ ။ ။ သင်ကြားမယ့်ဘာသာရပ်တွေကတော့ အင်ဂျင်နီယာအထူးပြုဘာသာရပ်ခုနစ်ခုဖြစ်တဲ့ မြို့ပြ အင်ဂျင်နီယာဘာသာရပ်၊ စက်မှုအင်ဂျင်နီယာဘာသာရပ်၊ အီလက်ထရောနစ်အင်ဂျင်နီယာဘာသာရပ်၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဘာသာရပ်၊ ကွန်ပျူတာအင်ဂျင်နီယာဘာသာရပ်၊ စိုက်ပျိုးရေး အင်ဂျင်နီယာဘာသာရပ်နဲ့ ဗိသုကာဘာသာရပ်အပြင် ကွန်ပျူတာသိပ္ပံဘာသာရပ်နဲ့ ကွန်ပျူတာနည်းပညာဘာသာရပ်တွေကို သင်ကြားပို့ချပေးသွားမှာဖြစ်ပါတယ်။

ဘွဲ့တွေအနေနဲ့ အင်ဂျင်နီယာအထူးပြုဘာသာရပ်ဘွဲ့ ခုနစ်မျိုးဖြစ်တဲ့ Civil၊ Mechanical၊ Electrical Power၊ Electronics၊ Computer Engineering and Information Technology၊ Agricultural Engineering နဲ့ Architecture စတဲ့ Bachelor of Engineering ဘွဲ့တွေနဲ့ ကွန်ပျူတာအထူးပြုဘာသာရပ်ဘွဲ့အနေနဲ့ Bachelor of Computer Science (Software Engineering) နဲ့ Bachelor of Computer Technology (Network and Communications) ဘွဲ့နှစ်မျိုး စုစုပေါင်း ဘွဲ့ကိုးမျိုး အပ်နှင်းသွားမှာပဲဖြစ်ပါတယ်။

အင်ဂျင်နီယာအထူးပြုဘာသာတွေကို ငါးနှစ်၊ ကွန်ပျူတာအထူးပြုဘာသာရပ်တွေကို လေးနှစ် တက်ရောက်ရမှာဖြစ်ပါတယ်။

**မေး။ ။ တက္ကသိုလ်ဝင်ခွင့်ရမှတ်အနေနဲ့ ဘယ်လိုသတ်မှတ်ထားတယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ တက္ကသိုလ်ဝင်ခွင့်ရမှတ်အနေနဲ့ အင်ဂျင်နီယာအထူးပြုဘာသာရပ်တွေကို ရန်ကုန်နည်းပညာတက္ကသိုလ် နည်းတူ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ ဘာသာရပ်လေးခု စုစုပေါင်းရမှတ် ၃၀၀ နဲ့အထက်၊ ကွန်ပျူတာအထူးပြုဘာသာရပ်တွေအတွက် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နည်းတူ အင်္ဂလိပ်စာနဲ့ သင်္ချာဘာသာရပ်နှစ်ခုပေါင်း ရမှတ် ၁၄၀ နဲ့အထက် သို့မဟုတ် စုစုပေါင်းရမှတ် ၄၅၀ နဲ့အထက် သတ်မှတ်ထားပါတယ်။

**မေး ။ ။ မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ဘယ်လို အထောက်အကူပြုနိုင်မလဲဆိုတာကိုလည်း ပြောကြားပေးစေလိုပါတယ်။**

ဖြေ ။ ။ ဒီတက္ကသိုလ်က နိုင်ငံတော်တည်ဆောက်ရေးမှာ ကျင့်ဝတ်လိုက်နာပြီး အရည်အချင်းပြည့်ဝတဲ့ အင်ဂျင်နီယာပညာရှင်တွေကို မွေးထုတ်ပေးနိုင်မှာဖြစ်သလို ဒေသတွင်းနဲ့ နိုင်ငံတကာအင်ဂျင်နီယာဘွဲ့ရလူငယ်တွေနဲ့ ရင်ပေါင်တန်းနိုင်မယ့် မျိုးဆက်သစ် အင်ဂျင်နီယာတွေကို မွေးထုတ်ပေးခြင်းဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်မှာပဲဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ စီမံကိန်းတွေ၊ သုတေသနလုပ်ငန်းတွေမှာလည်း ကျုရာအခန်းကဏ္ဍကနေ ပါဝင်ဆောင်ရွက်ပေးနိုင်မှာပဲဖြစ်ပါတယ်။

မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး အခုထက်မက ပိုမိုဖွံ့ဖြိုးတိုးတက်လာဖို့အတွက် ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ ဦးဆောင်မှုနဲ့ ဒေသအသီးသီးမှာဖွင့်လှစ်ထားတဲ့ ပိုလီတက္ကနစ်တက္ကသိုလ်တွေ၊ နည်းပညာတက္ကသိုလ်တွေကို အခုထက်ဥပဓိရုပ်ပိုမိုကောင်းမွန်စေရေး၊ အခြေခံအဆောက်အဦတွေ ဖြည့်ဆည်းပေးရေး၊ သင်ထောက်ကူပစ္စည်းတွေ ဖြည့်ဆည်းပေးရေးတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပြီးတော့ ဆရာ၊ ဆရာမတွေရဲ့သင်ကြားရေးနှင့် သုတေသနဆောင်ရွက်မှုအရည်အသွေးပြည့်ဝစေရေး၊ University Industry Linkage ပိုမိုအားကောင်းခိုင်မာစေရေး၊ နိုင်ငံတကာတက္ကသိုလ်၊ အဖွဲ့အစည်းတွေနဲ့ သင်ကြားသင်ယူမှုနဲ့ သုတေသနလုပ်ငန်းတွေ ပူးပေါင်းဆောင်ရွက်ရေး၊ တက္ကသိုလ်တွေရဲ့ အရည်အသွေးအာမခံမှုနဲ့ အကဲဖြတ်ရေးလုပ်ငန်းစဉ်တွေကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

**မေး ။ ။ Polytechnic University တွေရဲ့ သဘောသဘာဝကို သိပါရစေ။**

ဖြေ ။ ။ Polytechnic University မှာ သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာနဲ့ သင်္ချာဘာသာရပ်တွေ၊ အသုံးချသိပ္ပံ၊ စီးပွားရေးနဲ့ စီမံခန့်ခွဲမှုဆိုင်ရာ အဆင့်မြင့် ပညာရပ်တွေကို ဘွဲ့ကြိုသင်တန်းတွေသာမကဘဲ ဘွဲ့လွန်သင်တန်းတွေအထိ ဘာသာရပ်နယ်ပယ်စုံလင်စွာ လက်တွေ့ကျကျ လေ့ကျင့်သင်ကြားပေးမှာဖြစ်ပါတယ်။

အခုခေတ်မှာ နိုင်ငံ့အကျိုးပြုစီမံကိန်းတွေ အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ အင်ဂျင်နီယာဘာသာရပ်ပေါင်းစုံပေါင်းစပ်ပြီး အသုံးချဆောင်ရွက်ရတာဖြစ်ပါတယ်။ ဒါကြောင့် နည်းပညာစွယ်စုံလေ့ကျင့်သင်ကြားပေးတဲ့ Polytechnic University တွေ ဖွင့်လှစ်မှုနဲ့လည်း ကိုက်ညီမှုရှိပါတယ်။

Polytechnic University ဆိုတာ လက်တွေ့လုပ်ငန်းခွင်နဲ့ ချိတ်ဆက်သင်ကြားပို့ချပေးတဲ့ တက္ကသိုလ်တစ်ခုပဲဖြစ်ပါတယ်။ လုပ်ငန်းခွင်ဝင်ဖို့ အဆင်သင့်ဖြစ်ပြီး လက်တွေ့အသုံးချနည်းပညာနဲ့ ကျွမ်းကျင်မှုတွေကို နက်နဲစွာလက်ဆင့်ကမ်းသင်ကြားပေးမှုတွေနဲ့အတူ လူ့စွမ်းအားအရင်းအမြစ်တွေ ပြုစုပျိုးထောင်ပေးတာပဲဖြစ်ပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဘာသာရပ်နယ်ပယ်အားလုံးကို လူမှုဘဝနယ်ပယ်မှာ ပြန်လည်အသုံးချနိုင်ပြီး ဆန်းသစ်တီထွင်မှုနဲ့ နည်းပညာဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူပြုစေမှာဖြစ်ပါတယ်။

ဒါ့ကြောင့် Polytechnic University တွေဟာ ဘာသာရပ်နယ်ပယ်စုံလင်စွာ ပေါင်းစည်းပို့ချတဲ့နေရာတစ်ခုဖြစ်ပြီးတော့ ဘွဲ့ကြိုသင်တန်းတွေသာမက ဘွဲ့လွန်သင်တန်းတွေ၊ သုတေသနလုပ်ငန်းတွေကိုပါ ကျယ်ပြန့်စွာဆောင်ရွက်တဲ့နေရာတစ်ခုလည်းဖြစ်ပါတယ်။

**မေး ။ ။ နိုင်ငံတကာမှာ Polytechnic University တွေကို ဘယ်လိုမျိုး ဆောင်ရွက်နေလဲဆိုတာ သိပါရစေ။**

ဖြေ ။ ။ နိုင်ငံတကာမှာလည်း Polytechnic University တွေကိုထူထောင်ပြီး အောင်မြင်စွာသင်ကြားပို့ချနေကြတာတွေ ရှိပါတယ်။ အစောဆုံးအနေနဲ့တော့ Ecole Polytechnique ဆိုရင် လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀၀ ကျော်ကတည်းက ပြင်သစ်နိုင်ငံမှာ တည်ထောင်ခဲ့တာဖြစ်ပါတယ်။ အာရှမှာဆိုရင် Hong Kong Polytechnic University (PolyU) ဆိုတာ အစိုးရတက္ကသိုလ်တစ်ခုဖြစ်ပြီး မဟာဌာနကြီးရှစ်ခုကနေ သိပ္ပံ၊ စီးပွားရေး၊ ဆောက်လုပ်ရေး၊ သဘာဝပတ်ဝန်းကျင်၊ အင်ဂျင်နီယာ၊ လူမှုသိပ္ပံ၊ ကျန်းမာရေး၊ လူမှုရေး၊ ဒီဇိုင်း၊ ဟိုတယ်နှင့် ခရီးသွားစီမံခန့်ခွဲမှု ပညာရပ်ဆိုင်ရာ ဘာသာရပ်များကို ပို့ချပေးပါတယ်။

**မေး ။ ။ မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်အထိမ်းအမှတ်အခမ်းအနားနဲ့အတူ တက္ကသိုလ်တွေဖွင့်လှစ်ခဲ့မှုနဲ့ပတ်သက်ပြီး ပြောကြားပေးစေလိုပါတယ်။**

ဖြေ ။ ။ ရာပြည့်အခမ်းအနားနဲ့အတူ တက္ကသိုလ်စတင်ဖွင့်လှစ်နိုင်ခဲ့မှုက ထူးခြားမှုတစ်ခုပါ။ တစ်နိုင်ငံလုံးရဲ့ ပညာရေးစနစ်နဲ့ကြည့်မယ်ဆိုရင် နိုဝင်ဘာလ ၂၁ ရက်ဟာ နိုင်ငံတော်က KG+12 ပညာရေး စတင်ဆောင်ရွက်တဲ့နေ့လည်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ် (၁၀၀) ပြည့် ရာပြည့်သဘင် အခမ်းအနားမှာ အင်ဂျင်နီယာပညာစွမ်းအားနဲ့ ပိုမိုတောက်ပသော မြန်မာ့အနာဂတ်ကို အတူတကွ ဖန်တီးတည်ဆောက်ကြပါစို့ ဆိုတဲ့ဆောင်ပုဒ်နဲ့ ဖိုရမ်၊ စာတမ်းဖတ်ကြားမှုတွေ၊ ခေတ်အဆက်ဆက် မြန်မာအင်ဂျင်နီယာပညာရေး ဖွံ့ဖြိုးတိုးတက်လာမှုကိုလေ့လာသိရှိနိုင်ဖို့ သမိုင်းပြခန်းတွေ၊ နည်းပညာတက္ကသိုလ်နဲ့ ကွန်ပျူတာတက္ကသိုလ်တွေက ကျောင်းသား၊ ကျောင်းသူတွေရဲ့ ပရောဂျက်ပြပွဲတွေ ပါဝင်ပါတယ်။ ပြီးတော့ ကျောင်းသားပဟေဠိပြိုင်ပွဲတွေ၊ Hackathon၊ E-sports၊ Talk Show၊ Engineering Battle တွေ ပါဝင်ပါတယ်။

**မေး ။ ။ ဖြည့်စွက်ပြောကြားလိုတာရှိရင် ပြောကြားပေးစေလိုပါတယ်။**

ဖြေ ။ ။ နှစ်တစ်ရာ တစ်ကြိမ်သာကြုံရတဲ့ ကြုံတောင့်ကြုံခဲ သမိုင်းဝင်ရာပြည့်အခမ်းအနားမှာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတစ်ခုတည်းမဟုတ်ဘဲ တစ်နိုင်ငံလုံးမှာရှိတဲ့ အင်ဂျင်နီယာနဲ့ နည်းပညာဆိုင်ရာဌာနတွေ၊ အဖွဲ့အစည်းတွေ၊ ပညာရှင်တွေအားလုံးပါဝင်ပြီး Naypyitaw State Polytechnic University ကို အောင်အောင်မြင်မြင် ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် အတိုင်းမသိ ဝမ်းသာဂုဏ်ယူပါတယ်ဆိုတဲ့ အကြောင်းပြောကြားလိုပါတယ်။ ထို့အတူ ယနေ့မှာ KG+12 သင်ရိုးသစ်နဲ့အတူ တက္ကသိုလ်တွေမှာ စတင်ဖွင့်လှစ်သင်ကြားမှုကြောင့် ထူးခြားတဲ့နေ့တစ်နေ့ဖြစ်တယ်ဆိုတာကိုလည်း ပြောကြားလိုပါတယ်။

**တွေ့ဆုံမေးမြန်း– ဝင်းဝင်း**

**ဓာတ်ပုံ–အေးသန်း**

# ပြည်ပမှစက်သုံးဆီများ လုံလောက်စွာတင်သွင်းဖြန့်ဖြူးပေးမှုကြောင့် ပြည်တွင်းစက်သုံးဆီဖူလုံမှုရှိသည့်အပြင် အရန်ဆီများထားရှိနိုင်ပြီး ရောင်းဈေးနှုန်းများလည်းဆက်တိုက်ကျဆင်းနေသဖြင့် အများပြည်သူခရီးသွားလာမှု အဆင်ပြေလွယ်ကူသည့်အပြင် ကုန်စည်စီးဆင်းမှု ချောမွေ့စေရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးကိုများစွာအထောက်အကူပြု

**နေပြည်တော် နိုဝင်ဘာ ၂၂**

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ စီမံဆောင်ရွက်မှု၊ လိုအပ်သည့်စက်သုံးဆီဖိုးနိုင်ငံခြားသုံးငွေများကို အချိန်မီလုံလောက်စွာဝယ်ယူပေးချေနိုင်ရေး မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ပံ့ပိုးကူညီဆောင်ရွက်ပေးမှုတို့ကြောင့် ပြည်ပမှ စက်သုံးဆီတင်သင်္ဘောများ ပုံမှန်အဆက်မပြတ်ဝင်ရောက်လျက်ရှိသဖြင့် အရန်စက်သုံးဆီအပါအဝင် စက်သုံးဆီများကို ဖူလုံစွာ သိုလှောင်ထားရှိနိုင်ပြီး နေ့စဉ်လုံလောက်စွာ ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ပြည်တွင်းရောင်းဈေးနှုန်းများဆက်တိုက်ကျဆင်းလျက်ရှိသဖြင့် အများပြည်သူခရီးသွားလာမှု အဆင်ပြေလွယ်ကူသည့်အပြင် ကုန်စည်စီးဆင်းမှုချောမွေ့စေရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးကိုလည်း များစွာအထောက်အကူပြုကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)




# (၂/၂၀၂၄)ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီများ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၂**

(၂/၂၀၂၄) ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ၂၀၂၅ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီများ ညှိနှိုင်းအစည်းအဝေးကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်၍ ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန နေပြည်တော်၌ကျင်းပရာ အစည်းအဝေးသို့ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ်တွင် လာအိုနိုင်ငံက အာဆီယံဥက္ကဋ္ဌ တာဝန်ယူစဉ် ဦးစားပေးဆောင်ရွက်ရန် သတ်မှတ်ထားသည့် စီးပွားရေးလုပ်ငန်းစဉ် ၁၄ ခုအနက် ၁၀ ခုကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ခဲ့ပြီး လုပ်ငန်းစဉ်လေးခုကို ၂၀၂၄ ခုနှစ်အတွင်း အပြီးသတ်ဆောင်ရွက်မည်ဖြစ်သည့်အတွက် လုပ်ငန်းများအချိန်မီပြီးစီးစေရန်အတွက် လုပ်ငန်းအဖွဲ့များအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုများကို ပြုလုပ်သွားစေလိုကြောင်း၊ အေအီးစီ (AEC)အနေဖြင့် ယခုနှစ်တွင်လုပ်ငန်း ၁၁၁ ခုကို အကောင်အထည်ဖော်ရန်ချမှတ်ထားပြီး အာဆီယံဒေသတစ်ခုလုံးအနေဖြင့် ဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်သည့်အတွက် လုပ်ငန်းအများစုမှာ ဆောင်ရွက်ဆဲလုပ်ငန်းများဖြစ်၍ လုပ်ငန်းအဖွဲ့များအနေဖြင့် အရှိန်မြှင့်တင်ဆောင်ရွက်ရန် လိုအပ်ကြောင်း။

လာမည့် ၂၀၂၅ ခုနှစ်တွင် အေအီးစီလမ်းပြမြေပုံ ၂၀၂၅ အကောင်အထည်ဖော်မှု၏ အပြီးသတ်ကာလဖြစ်သည့်အတွက် အေအီးစီလုပ်ငန်းများ အောင်မြင်စွာအကောင်အထည် ဖော်နိုင်ရန်အတွက် တွန်းအားပေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ၂၀၂၅ အလွန်တွင် အေအီးစီလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ရန် အေအီးစီမဟာဗျူဟာစီမံချက် (၂၀၂၆-၂၀၃၀)ကို ရေးဆွဲလျက်ရှိသည့်အတွက် လုပ်ငန်းအဖွဲ့က အကြံပြုချက်များထည့်သွင်းရန်နှင့် မူဝါဒများချမှတ်ရာတွင် ဒေသတွင်းကတိကဝတ်များနှင့် ကိုက်ညီမှုရှိစေရန် ကြိုတင်လေ့လာမှုများဆောင်ရွက်ရန်နှင့် ကဏ္ဍအလိုက်ဘာသာရပ်ဆိုင်ရာ လုပ်ငန်းကျွမ်းကျင်သူများကို စနစ်တကျလေ့လာသင်ကြားမှုများဆောင်ရွက်ရန်တို့ကို ပြောကြားသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိဖြစ်သူ ဒေါက်တာမာလာမျိုးညွန့်က (၅၆) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများနှင့် (၂၄) ကြိမ်မြောက် အာဆီယံ စီးပွားရေးအသိုက်အဝန်းကောင်စီအစည်းအဝေးတို့၏ဆွေးနွေးချက်များနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌများ (ဒုတိယဝန်ကြီးများ)၊ အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းကော်မတီအလိုက် ၂၀၂၄ ခုနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသည့်စိန်ခေါ်မှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကိုမှာကြားသည်။

အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ၂၀၂၅ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီကို မြန်မာနိုင်ငံအနေဖြင့် အေအီးစီလုပ်ငန်းများ အကောင်အထည်ဖော်မှုကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် ကဏ္ဍအလိုက် လုပ်ငန်းကော်မတီ ၂၂ ခုဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး အဆိုပါလုပ်ငန်းကော်မတီများ၏ ဥက္ကဋ္ဌများအဖြစ် ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်များကလည်းကောင်း၊ အတွင်းရေးမှူးများအဖြစ် ညွှန်ကြားရေးမှူးချုပ်များကလည်းကောင်း၊ သက်ဆိုင်ရာဌာနများက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၅၀၀)

# မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ အလုပ်သမားဆေးရုံကြီး ဝန်ထမ်းများနှင့် ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် တွေ့ဆုံ၍ ဆေးကုသနေသောလူနာများအား ကြည့်ရှုအားပေး

**မန္တလေး နိုဝင်ဘာ ၂၂**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် ယမန်နေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ လူမှုဖူလုံရေးအဖွဲ့ပိုင် အလုပ်သမားဆေးရုံကြီးမှ ဝန်ထမ်းများအားတွေ့ဆုံပြီး ဆေးရုံတက်ရောက်ကုသနေသောလူနာများကို ကြည့်ရှုအားပေးသည်။

ဦးစွာ ဆေးရုံအစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးက ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများနှင့်တွေ့ဆုံပြီး အလုပ်သမားဆေးရုံကြီးအတွင်း ပြင်ပလူနာဌာနသို့လာရောက်ပြသသည့် ပြင်ပလူနာများအား ဆေးဝါးကုသပေးနေမှုအခြေအနေများ၊ အတွင်းလူနာအဖြစ်ကုသပေးသည့် ကုသဆောင်များ၊ ကျောက်ကပ်သန့်စင်ဆေးကြောနေသည့်လူနာဆောင်သို့သွားရောက်၍ ဆေးဝါးကုသမှုခံယူနေသည့် အာမခံအလုပ်သမားများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးကာ ထောက်ပံ့ငွေများ ပေးအပ်သည်။



မန္တလေးတိုင်းဒေသကြီးတွင် အကျုံးဝင်အာမခံအလုပ်သမားဦးရေ ၁၂၃၄၄၅ ကျော်ရှိပြီး အဆိုပါအာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက်မန္တလေးအလုပ်သမားဆေးရုံကြီး၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း ၁၃ ခန်း၊ ဌာနကြီးဆေးခန်းကိုးခန်း၊ စာချုပ်ဆေးခန်း ခုနစ်ခန်းတို့ ဖွင့်လှစ်၍ ဧပြီလမှ အောက်တိုဘာလအထိ အာမခံအလုပ်သမား လူနာပေါင်း ၆၉၉၁၀ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အကျုံးဝင်အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုထိရောက်လွယ်ကူစေရန် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများနှင့် စာချုပ်ချုပ်ဆိုဆောင်ရွက်လျက်ရှိရာ ယခုအခါတွင် Fee For Service Payment ဆေးခန်း ၆၃ ခန်း၊ Capitation Payment ဆေးခန်းရှစ်ခန်းနှင့် မီးဖွားခြင်းနှင့်ဆိုင်သော ဆေးရုံ/ဆေးခန်း ၁၆ ခန်းဖြင့် ကျန်းမာရေးဝန်ဆောင်မှုပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီးတွင် ဧပြီလမှ အောက်တိုဘာလအထိ လူနာဦးရေ ၄၄၇၉ ဦးအတွက်ဆေးဖိုးကုန်ကျငွေကျပ် ၄၆၃ ဒသမ ၄၀၈ သန်းပြန်လည်ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။ (၅၀၀)

# ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့၌ကျင်းပသည့် (၁၁)ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီအစည်းအဝေးသို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်




နေပြည်တော် နိုဝင်ဘာ ၂၂

ပြည်ထောင်စုတရားသူကြီးချုပ်ဦးသာဌေး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံ တရားသူကြီးချုပ် The Hon. Alexander G. Gesmundo ၏ ဖိတ်ကြားချက်အရ ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့၌ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်မှ ၂၀ ရက်အထိကျင်းပသည့် "(၁၁)ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီ အစည်းအဝေး" သို့ တက်ရောက်ခဲ့သည်။

အာဆီယံတရားသူကြီးချုပ်များကောင်စီ အစည်းအဝေးကို ၂၀၁၃ ခုနှစ်ကတည်းက နှစ်စဉ်ကျင်းပခဲ့ပြီး အာဆီယံနိုင်ငံအသီးသီးမှ တရားသူကြီးချုပ်များနှင့် တရားစီရင်ရေးဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

အစည်းအဝေး ပထမနေ့တွင် ဒုတိယအကြိမ် အာဆီယံနှင့်မိတ်ဖက်နိုင်ငံများ အစည်းအဝေးကို Hybrid ပုံစံဖြင့်ကျင်းပပြီး အစည်းအဝေးကိုအာဆီယံတရားသူကြီးချုပ်များနှင့် တရားစီရင်ရေးဆိုင်ရာအကြီးအကဲများက လူကိုယ်တိုင်တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှတရားသူကြီးချုပ်များက အွန်လိုင်းမှ တက်ရောက်ကြသည်။ အစည်းအဝေးတွင် တရားမျှတမှု လက်လှမ်းမီရေးကို မြှင့်တင်ရန် တရားရုံးနည်းပညာကိုအသုံးပြုခြင်းဆိုင်ရာ ကိစ္စရပ်များကိုဆွေးနွေးခဲ့ကြပြီး အာဆီယံတရားသူကြီးချုပ်များကောင်စီ၏ လုပ်ငန်းအဖွဲ့များက အာဆီယံတရားသူကြီးချုပ်များကောင်စီမှတစ်ဆင့် ဒေသတွင်းတရားစီရင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအတွေ့အကြုံများကို မျှဝေခဲ့ကြသည်။

အစည်းအဝေးဒုတိယနေ့တွင် (၁၁) ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီအစည်းအဝေးကို ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးက အခြားအာဆီယံတရားသူကြီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အတူ အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် အာဆီယံတရားသူကြီးချုပ်များ ကောင်စီ၏ အာဆီယံတရားရေးပေါ်တယ်လုပ်ငန်းအဖွဲ့၊ အာဆီယံဒေသတွင်းတရားမမှုခင်းဆင့်စာဆင့်ဆိုမှု လွယ်ကူစေရေးလုပ်ငန်းအဖွဲ့၊ မှုခင်းစီမံခန့်ခွဲမှုနှင့်တရားရုံးဆိုင်ရာနည်းပညာလုပ်ငန်းအဖွဲ့၊ တရားစီရင်ရေးဆိုင်ရာလေ့ကျင့်ရေးနှင့်သင်ကြားရေးလုပ်ငန်းအဖွဲ့၊ နိုင်ငံဖြတ်ကျော်ဖြစ်ပွားသည့် မိသားစုမှုခင်းဆိုင်ရာကလေးသူငယ်အငြင်းပွားမှုများဖြေရှင်းရေးလုပ်ငန်းအဖွဲ့၊ ဗီဒီယိုကွန်ဖရင့်ဖြင့်အမှုကြားနာစစ်ဆေးခြင်း လုပ်ငန်းအဖွဲ့၊ အာဆီယံနှင့်မိတ်ဖက်နိုင်ငံများ တွေ့ဆုံဆွေးနွေးမှုလုပ်ငန်းအဖွဲ့နှင့် လေ့လာရေးအဖွဲ့တို့ကဆောင်ရွက်ပြီး လုပ်ငန်းများ၊ ရရှိသည့်အောင်မြင်မှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အဆိုပြုချက်များနှင့် စပ်လျဉ်းသည့်အစီရင်ခံစာများကို အာဆီယံတရားသူကြီးချုပ်များကောင်စီသို့အစီရင်ခံတင်ပြကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးက မြန်မာနိုင်ငံ တရားစီရင်ရေးနှင့် သက်ဆိုင်သည့် အကြောင်းအရာများကို ပါဝင်ဆွေးနွေးခဲ့သည်။

အစည်းအဝေးအပြီးတွင် (၁၁)ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များ ကောင်စီအစည်းအဝေး ရလဒ်ဖြစ်သည့် စီဘူးကြေညာစာတမ်းကို အာဆီယံနိုင်ငံများမှ တရားသူကြီးချုပ်များနှင့်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အားလုံး ပါဝင်လက်မှတ်ရေးထိုး၍ ထုတ်ပြန်ခဲ့သည်။

အဆိုပါအစည်းအဝေးသို့ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

(သတင်းစဉ်)

# ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ဆက်လက်ကျင်းပ၊ ကျောက်စိမ်းအတွဲပေါင်း ၆၁၃ တွဲရောင်းချနိုင်ခဲ့



နေပြည်တော် နိုဝင်ဘာ ၂၂

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်းနှင့် ခန်းမပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် ကျောက်စိမ်းအတွဲအမှတ် (၁)မှ (၈၅၀) အထိ ကျောက်စိမ်းအတွဲများကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ပြီး ကျောက်စိမ်းအတွဲပေါင်း ၆၁၃ တွဲ ရောင်းချခဲ့ရကြောင်း ထုတ်ပြန်ကြေညာသည်။

မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျောက်စိမ်းအတွဲများ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချနေမှု၊ ရတနာကုန်သည်များက ဈေးနှုန်းပေးသွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းနေမှုနှင့် လုပ်ငန်းကော်မတီအလိုက် ရတနာပြပွဲဆိုင်ရာလုပ်ငန်းများဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုအားပေးသည်။

ထို့ပြင် ပြပွဲဆဋ္ဌမနေ့တွင် ရောင်းချမည့် ကျောက်စိမ်းအတွဲအမှတ် (၈၅၁) မှ (၁၇၀၀) အထိကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းပေးသွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ထည့်သွင်းကြသည်။ အဆိုပါဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ညနေပိုင်းတွင် ဖွင့်ဖောက်စစ်ဆေးကာ ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို နိုဝင်ဘာလ ၂၃ ရက် နံနက်ပိုင်းတွင် ကြေညာသွားမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ နိုဝင်ဘာလ ၁၈ ရက်မှ ၂၇ ရက်အထိ ကျင်းပလျက်ရှိပြီး ပြပွဲတွင် ပုလဲအတွဲပေါင်း ၂၀၈ တွဲ၊ ကျောက်မျက်အတွဲပေါင်း ၆၂ တွဲ၊ ကျောက်စိမ်းအတွဲ ၆၁၃ တွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား ရောင်းချပေးနိုင်ခဲ့သည်။ ကျန်ရှိနေသည့် ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည့်အပြင် MSME လုပ်ငန်းရှင်များကို အားပေးမြှင့်တင်ရန် ရည်ရွယ်၍ ပြည်တွင်းရတနာကုန်သည်များသာ ဝယ်ယူခွင့်ရှိပြီး ကျပ်ငွေဖြင့်သာ ပေးချေဝယ်ယူရမည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲပေါင်း ၂၂၆၀ ကိုလည်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လင်းကြည်လင်း

# မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ အတွင်းရေးမှူးအဖွဲ့၏ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၂

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ အတွင်းရေးမှူးအဖွဲ့၏ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီအတွင်းရေးမှူးအဖွဲ့ အဖွဲ့ခေါင်းဆောင် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင်ညွှန်ကြားရေးမှူးချုပ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့်တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက အမျိုးသားအဆင့် ဒုတိယငါးနှစ်လုပ်ငန်းစီမံချက် (၂၀၂၄-၂၀၂၈ ခုနှစ်) ကိုလည်း မူလရည်မှန်းချက် (၆) ရပ်အပေါ်အခြေခံ၍ စက်မှုကုန်ထုတ်ကဏ္ဍ၊ စိုက်ပျိုးရေးနှင့် ကုန်သွယ်ရောင်းဝယ်ရေးကဏ္ဍတို့တွင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးတွင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက်မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီအတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြရာ အတွင်းရေးမှူးအဖွဲ့ အဖွဲ့ခေါင်းဆောင်က တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မဝ)

# အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဋ္ဌာရသမအစည်းအဝေး ပထမနေ့ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ အဋ္ဌာရသမအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။



အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသအမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများ၊ သာသနာရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး/ပြည်နယ်သာသနာရေးမှူးများတက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက သဘာပတိအဖြစ်ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒက အခမ်းအနားမှူးအဖြစ်ဆောင်ရွက်တော်မူသည်။

ဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်က အစည်းအဝေးဖွင့် သာရဏီယသြဝါဒကထာကို မြွက်ကြားတော်မူသည်။ **(သာရဏီယသြဝါဒကထာကို စာမျက်နှာ ၃ တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ယင်းနောက် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တတိယအဖွဲ့ခွဲ၏ ဆဋ္ဌအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲကိုယ်စား တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍညက တင်သွင်းလျှောက်ထားပြီး အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တတိယအဖွဲ့ခွဲ၏ ဆဋ္ဌအကြိမ်တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တပညာသီဟာလင်္ကာရာဘိဝံသကလည်းကောင်း၊ သာသနာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍာဝံသကလည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍညကလည်းကောင်း ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားသည်။

ဆက်လက်၍ သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာကိစ္စများကို တင်ပြလျှောက်ထားရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို နံနက် ၉ နာရီခွဲတွင် ရပ်နားသည်။

ထို့နောက် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဋ္ဌာရသမအစည်းအဝေး ပထမနေ့ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပပြီး သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာကိစ္စရပ်များကိုတင်ပြလျှောက်ထားရာ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အဋ္ဌကထာကျမ်းစာအုပ်များ၊ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုတည်းဖြတ်ပြီးစီးသော ပါဠိတော်အင်္ဂလိပ်ဘာသာပြန်ကျမ်းစာအုပ်များ၊ တိပိဋကပါဠိမြန်မာအဘိဓာန်အင်္ဂလိပ်ဘာသာပြန်စာအုပ်များနှင့် သမ္ဗုဒ္ဓေယျမင်္ဂလာပရိတ်တော်နှင့်အန္တရာယ်ကင်းဘုရားရှိခိုးအမျိုးမျိုး(၈၁)မျိုးတို့ ပုံနှိပ်ထုတ်ဝေရေးဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းလျှောက်ထားပြီး ပုံနှိပ်ပြီး စာအုပ်များကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ အဋ္ဌကထာကျမ်းစာအုပ်များကို မူလခဲစာလုံးမှ ကွန်ပျူတာမှုသို့ ဆောင်ရွက်မှုအခြေအနေများကို နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)မှ မော်ကွန်းထိန်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကုမုဒကလည်းကောင်း၊ တိပိဋကပါဠိမြန်မာအဘိဓာန်ကို အင်္ဂလိပ်ဘာသာပြန်ဆိုမှုနှင့်ပတ်သက်၍ လုပ်ငန်းဆိုင်ရာအခက်အခဲများဖြေရှင်းဆောင်ရွက်မှုများကို အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဒုတိယပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တနေခိဉာဏကလည်းကောင်း၊ စိစစ်တည်းဖြတ်ပြန်ဆိုပြီးစီးသော ပါဠိတော်အင်္ဂလိပ်ဘာသာပြန်စာအုပ်များကို စိစစ်တည်းဖြတ်မှုအခြေအနေ၊ ပုံနှိပ်ထုတ်ဝေရန်ဆောင်ရွက်နေမှု အခြေအနေများကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ပြည်ပသာသနာပြုဌာနခွဲ ညွှန်ကြားရေးမှူးက တင်ပြလျှောက်ထားခဲ့ပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင်ရပ်နားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးဆရာတော်ကြီးများအား ခင်းကျင်းပြသထားသည့်အဋ္ဌကထာစာအုပ်များ၊ ပိဋကသုံးပုံအင်္ဂလိပ်ဘာသာပြန်စာအုပ်များ၊ အဘိဓာန်စာအုပ်များ၊ အန္တရာယ်ကင်းပရိတ်တော်စာအုပ်များကို ရှင်းလင်းပြသသည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများအား အလှူရှင်များဖြစ်ကြသော သဒ္ဓမ္မဇောတိကဓဇ ဒေါ်ပြုံးဝေသီက အရုဏ်ဆွမ်းကိုလည်းကောင်း၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း) + ဒေါ်ကြိုင်ကြိုင် မိသားစုနှင့် ဓမ္မမိတ်ဆွေများက နေ့ဆွမ်းကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်းသိရသည်။

(၅၀၀)

# ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင်ဖြစ်ပွားခဲ့သည့် မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများအပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက်များ Website နှင့် Mobile Application လွှင့်တင်ခြင်းအခမ်းအနားကျင်းပ



နေပြည်တော် နိုဝင်ဘာ ၂၂

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့် မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများအပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက်များ Website နှင့် Mobile Application လွှင့်တင်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းများ ကြီးမားစွာ မှားယွင်းမှု၊ မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများ ဖြစ်ပွားခဲ့ကြောင်း။

သို့ဖြစ်၍ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသည့်အပြင် လွတ်လပ်၍တရားမျှတမှုမရှိသော ရွေးကောက်ပွဲဖြစ်ကြောင်း တွေ့ရှိရသဖြင့် ရွေးကောက်ပွဲရလဒ်ကိုပယ်ဖျက်ခဲ့ရကြောင်း၊ ထိုစုံစမ်းစစ်ဆေးတွေ့ရှိချက်များကို အများပြည်သူသိရှိလေ့လာနိုင်စေရန် မြန်မာ၊ အင်္ဂလိပ်၊ တရုတ်၊ ရုရှား၊ ဂျပန် ဘာသာငါးမျိုးဖြင့် စာအုပ်ပြုစုထုတ်ဝေခဲ့ကြောင်း။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့် မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများအပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက်များနှင့်စပ်လျဉ်း၍ နောင်အလားတူဖြစ်စဉ်မျိုး မဖြစ်ပွားစေရန်နှင့် ပြည်တွင်း၊ ပြည်ပမှ လေ့လာလိုသူများက ပိုမိုပြည့်စုံလွယ်ကူစွာကြည့်ရှုနိုင်ရန်အတွက် ဘာသာစကားငါးမျိုးဖြင့် ဖတ်ရှုနိုင်မည့် Website နှင့် Mobile Application ရေးဆွဲလွှင့်တင်နိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များပါဝင်သည့် **"Website ရေးဆွဲလွှင့်တင်နိုင်ရေးအဖွဲ့"** ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးက ဖွဲ့စည်းပေးခဲ့ကြောင်း၊ အဖွဲ့အနေဖြင့် Website နှင့် Mobile Application ရေးဆွဲလွှင့်တင်နိုင်ရေး လုပ်ငန်းစဉ်(၇)ရပ်ပါဝင်သည့်လုပ်ငန်းစီမံချက်ရေးဆွဲ၍ ၂၀၂၄ ခုနှစ် ဇူလိုင်လ ဒုတိယပတ်မှ နိုဝင်ဘာလ ဒုတိယပတ်အတွင်း ပူးပေါင်းညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ အဆိုပါ Website နှင့် Mobile Application တို့ကို ရေးဆွဲပြီးဖြစ်၍ ပြည်တွင်း၊ ပြည်ပမှ လေ့လာလိုသူများ ဖတ်ရှုလေ့လာနိုင်ရန် လွှင့်တင်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် Website ရေးဆွဲလွှင့်တင်နိုင်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင်ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက Website နှင့် Mobile Application ရေးဆွဲလွှင့်တင်နိုင်ရေးဆောင်ရွက်ခဲ့သည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး Website နှင့် Mobile Application လွှင့်တင်ခြင်းဆိုင်ရာ Video Clip ကို ပြသသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက Touch Screen Monitor တွင် ဒစ်ဂျစ်တယ်လက်ဗွေနှိပ်၍ Website လွှင့်တင်ခဲ့ပြီး အခမ်းအနားကိုရုပ်သိမ်းခဲ့သည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ Website ရေးဆွဲလွှင့်တင်နိုင်ရေးအဖွဲ့ အဖွဲ့ဝင် ကိုယ်စားလှယ်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## Naypyitaw State Academy တွင် အားကစားပညာ မဟာဌာနနှင့် လူမှုရေးပညာမဟာဌာန ဖွင့်ပွဲအခမ်းအနားကျင်းပ



နေပြည်တော် နိုဝင်ဘာ ၂၂

Naypyitaw State Academy တွင် အားကစားပညာမဟာဌာနနှင့် လူမှုရေးပညာမဟာဌာနဖွင့်လှစ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါတက္ကသိုလ်ရှိ စာသင်ဆောင်ရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့ တက်ရောက်ပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့သည် စာသင်ခန်းအတွင်း အေးချမ်းစွာပညာသင်ကြားနေကြသည့် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို Naypyitaw State Academy ဘက်စုံခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက Naypyitaw State Academy ကို Faculty System ဖြင့် မဟာဌာနကြီးခုနစ်ခုဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ရာ စတင်ဖွင့်လှစ်သည့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ဝိဇ္ဇာပညာမဟာဌာန၊ သိပ္ပံပညာမဟာဌာန၊ စီးပွားရေးပညာမဟာဌာန၊ ဥပဒေပညာမဟာဌာနဟူ၍ မဟာဌာနကြီးလေးခုကို ဖွင့်လှစ်ခဲ့ပြီး ၂၀၂၃ -၂၀၂၄ ပညာသင်နှစ်တွင် ဆေးပညာမဟာဌာနကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ယခုနှစ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် မဟာဌာနကြီးနှစ်ခုဖြစ်သည့် အားကစားပညာမဟာဌာနနှင့် လူမှုရေးပညာမဟာဌာနတို့ကို ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ပြီဖြစ်ကြောင်း။

ယခုပညာသင်နှစ်တွင် Naypyitaw State Academy အားကစားပညာမဟာဌာနကို ဖွဲ့စည်းတည်ထောင်ဖွင့်လှစ်နိုင်ပြီဖြစ်ကြောင်း။

ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ လူမှုရေးပညာမဟာဌာနကို ဖွဲ့စည်းတည်ထောင်ပြီး မြန်မာနိုင်ငံတွင် လူမှုရေးအရကာကွယ်စောင့်ရှောက်ရန်လိုအပ်သော ထိခိုက်လွယ်အုပ်စုများဖြစ်သည့် ကလေးသူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများနှင့်ပတ်သက်သည့် လူမှုရေးရာကိစ္စရပ်များကို လူမှုဝန်ထမ်းနည်းစနစ်များနှင့် စနစ်တကျစီမံဆောင်ရွက်နိုင်သည့် လူမှုရေးပညာဘွဲ့ရပညာတတ်များကို ပြုစုပျိုးထောင်ပေးရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း။

ထို့အတူ ပညာရေးဝန်ကြီးဌာနသည် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းပြီး နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်အရေးပါသော ခရီးသွားလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်းနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ၊ ယင်းနှင့်ဆက်စပ်လျက်ရှိသော အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများတွင် အဓိကကျသော လူသားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှု စီမံခန့်ခွဲမှုပညာဘွဲ့ကြိုသင်တန်းကိုလည်း ယခုပညာသင်နှစ်တွင် စတင်ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ယခုပညာသင်နှစ်တွင် Naypyitaw State Academy ၌ ဘွဲ့လွန်မဟာတန်းများကိုလည်း စတင်ဖွင့်လှစ်သင်ကြားပေးနေပြီဖြစ်၍ Naypyitaw State Academy တွင် ကျောင်းသား၊ ကျောင်းသူဦးရေ စုစုပေါင်း ၁၅၀၀ ဝန်းကျင်ခန့်ကို လက်ခံသင်ကြားပေးလျက်ရှိပြီဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်တို့က မဟာဌာနဖွင့်ပွဲအထိမ်းအမှတ် ကြိုဆိုဝမ်းမြောက်စကားပြောကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ဖွင့်ပွဲအခမ်းအနားအထိမ်းအမှတ်လက်ဆောင်ပစ္စည်းများကိုလည်းကောင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏က Naypyitaw State Academy အတွက် အားကစားပစ္စည်းများကိုလည်းကောင်း ပေးအပ်ရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။ (၅၀၀)

## ရခိုင်ပြည်နယ်သို့ထွက်ခွာမည့် အခြေခံစားသောက်ကုန်ပစ္စည်းများ တင်ဆောင်ထားသည့်ရေယာဉ်များအား ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် ယနေ့မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ်သို့ထွက်ခွာမည့် အခြေခံစားသောက်ကုန်ပစ္စည်းများတင်ဆောင်ထားသည့်ရေယာဉ်များအား ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေပြည့်ချမ်းသာရေယာဉ်ပေါ်သို့ အခြေခံစားသောက်ကုန်ပစ္စည်းများတင်ဆောင်နေမှုကို ပြည်တွင်းကမ်းရိုးတန်းသွားရေယာဉ်များ ကြီးကြပ်စစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးနေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက စားသောက်ကုန်ပစ္စည်းများတင်ဆောင်နေမှုနှင့် တရားမဝင်ကန့်သတ်ကုန်ပစ္စည်းများ၊ မူးယစ်ဆေးဝါးများ၊ လက်နက်ခဲယမ်းများ မပါရှိစေရေး စစ်ဆေးနေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

အဆိုပါအခြေခံစားသောက်ကုန်ပစ္စည်းများဖြစ်သည့် ဆန်၊ ကုန်မျိုးစုံတန်ချိန် ၁၄၈၅ တန်အား MV. SHWE PYAE CHAN THAR ရေယာဉ်ဖြင့် စစ်တွေမြို့သို့လည်းကောင်း၊ ကုန်မျိုးစုံ တန်ချိန် ၇၀၈ တန်အား အမ်ဗွီ. စိန်မင်းသားရေယာဉ်ဖြင့် ကျောက်ဖြူမြို့သို့လည်းကောင်း၊ လူသုံးကုန်ပစ္စည်းမျိုးစုံ တန်ချိန် ၄၀၀ တန်အား အမ်ဗွီ.ရတနာထိန်လင်းရေယာဉ်ဖြင့် မာန်အောင်မြို့သို့လည်းကောင်း မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဆိပ်ကမ်းမှ ထွက်ခွာရန်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

လင်းခန့်

# အမျိုးသားရေးကိုယ်ခံအားရှင်သန်ကောင်းမွန်ရေး

မောင်ချမ်းအေး

တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်သည် အမျိုးသားအောင်ပွဲနေ့ဖြစ်သည်။ ယခု ၁၃၈၆ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (၂၅-၁၁-၂၀၂၄ ရက်နေ့)သည် ၂၀၂၄ ခုနှစ်၊ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဖြစ်ပြီး ယခုနှစ်ဆောင်ပုဒ်မှာ "ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တစ်မျိုးသားလုံးညီညွတ်စို့။" ဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းစဉ်တွင် အမျိုးသားအောင်ပွဲနေ့ဖြစ်ပေါ်လာရခြင်း အကြောင်းရင်းသည်အဓိကအခန်း၌ပါဝင်ခဲ့ပေသည်။

နယ်ချဲ့အင်္ဂလိပ်တို့သည် ကျွန်ုပ်တို့မြန်မာနိုင်ငံတော်နှင့် မြန်မာတစ်မျိုးသားလုံးကို ကျွန်သက်တမ်းရှည်အောင်ဆွဲဆန့်ထားသည်။ မြန်မာတစ်မျိုးသားလုံး အတွေးအမြင်ကျယ်ပြန့်လာပြီး မျက်စိပွင့်နားပွင့်လာမည်ကို လွန်စွာစိုးရိမ်လျက်ရှိသည်။ မျက်စိပိတ် နားပိတ်ဖြစ်အောင် ပညာရေးဖြင့်ပိတ်ပင်တားဆီး ချိုးနှိမ်ထားသည်။ အသက်မွေးဝမ်းကျောင်းမှုဖြစ်စေမည့် ပညာရပ်များကိုသင်ကြားမပေးဘဲ နယ်ချဲ့အလိုကျသြဇာခံသူများ ဖြစ်ပေါ်လာစေရုံသက်သက်သာသင်ကြားပေးသည်။ မြန်မာတစ်မျိုးသားလုံးအတွက် ကောင်းကျိုးမပြုသည့် တစ်လမ်းသွားကျွန်ပညာကိုသာသင်ကြားစေရာ အဆင့်မြင့်ပညာရပ်များကို သင်ယူလေ့ကျက်ရန် အခွင့်အလမ်းမှာ လွန်စွာနည်းပါးလွန်းလှသည်။ မြန်မာနိုင်ငံတွင် အိန္ဒိယတက္ကသိုလ်လက်အောက်ခံ ကောလိပ်အဆင့်မျှသာမည်ကာမတ္တဖွင့်လှစ်ပေးထားသည်။ ထို့ကြောင့် အိန္ဒိယနိုင်ငံနည်းတူ မြန်မာနိုင်ငံတွင်တက္ကသိုလ်ဖွင့်လှစ်ပေးရန်မြန်မာတစ်မျိုးသားလုံးက တစ်ခဲနက်တောင်းဆိုကြသည်။

နယ်ချဲ့အင်္ဂလိပ်အစိုးရက ဉာဏ်နီဉာဏ်နက်များလွန်းလှသည်။ ၁၉၂၀ ပြည့်နှစ်တွင် နယ်ချဲ့အင်္ဂလိပ်အစိုးရက ဖိနှိပ်၊ ချုပ်ချယ်၊ ကန့်သတ်မှုအမျိုးမျိုးပါသော တက္ကသိုလ်အက်ဥပဒေကိုရေးဆွဲလိုက်သည်။ ထိုတက္ကသိုလ်အက်ဥပဒေသည် မြန်မာခေတ်ပညာတတ်လူငယ်များတိုးပွားမလာစေဘဲ ခေတ်ပညာတတ်လူငယ်များ လျော့ပါးသွားစေရန်ရည်ရွယ်ပြီး ကန့်သတ်ချက်အမျိုးမျိုးဖြင့် ဖိနှိပ်ချုပ်ချယ်ထားသောဥပဒေဖြစ်ပါသည်။ တစ်နည်းဆိုရသော် မြန်မာတစ်မျိုးသားလုံး၏ သင်ယူမှုအခွင့်အလမ်းကို ချိုးနှိမ်ထားသည့် လူကုံထံပညာရေးသာဖြစ်ပေသည်။ ထို့ကြောင့် မိဘပြည်သူများ၊ ကောလိပ်ကျောင်းတက်နေဆဲနှင့် ကောလိပ်ကျောင်းတက်ရန် တာစူနေသော ကျောင်းသား၊ ကျောင်းသူများက တက္ကသိုလ်အက်ဥပဒေကို ကန့်ကွက်ကြသည်။ တက္ကသိုလ်အက်ဥပဒေကို ရုပ်သိမ်းပေးရန် တောင်းဆိုကြသည်။ ကန့်ကွက်တောင်းဆိုနေသည့်ကြားမှာပင် နယ်ချဲ့အင်္ဂလိပ်အစိုးရကတက္ကသိုလ်ဥပဒေကို အတင်းအဓမ္မပြဋ္ဌာန်းပြီး ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်တွင် ရန်ကုန်တက္ကသိုလ်ဖွင့်လှစ်ရန်လုံးပန်းလာသည်။

သည်းမခံနိုင်တော့သည့်အဆုံး၌ ကောလိပ်ကျောင်းတက်နေဆဲ ကောလိပ်ကျောင်းသားများက မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်(၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်) တွင် သပိတ်မှောက်ဆန္ဒပြကြလေသည်။ ၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်ကို မြန်မာ့လွတ်လပ်ရေးရရှိအောင်ကြိုးပမ်းနေသော အမျိုးသားရေးအသင်းအဖွဲ့ဖြစ်သည့် ဂျီစီဘီအေအသင်းနှင့် အမျိုးသားရေးအမြင်ရှိပြီး အမျိုးသားရေးစိတ်ဓာတ်ခိုင်ကျည်သည့် မျိုးချစ်များ၊ ရဟန်းရှင်လူပြည်သူများ ပါဝင်ပူးပေါင်းလာကာ ဝန်းရံထောက်ခံအားပေးကြသည်။ ရန်ကုန်မြို့မှစတင်လိုက်သော ကျောင်းသားသပိတ်သည် မြန်မာတစ်နိုင်ငံလုံးသို့ပြန့်ပွားသွားသည်။

ဂျီစီဘီအေအသင်းကြီးသည် သပိတ်မှောက် ကျောင်းသား၊ ကျောင်းသူများနှင့် ပညာသင်ယူရမည့်အရွယ် ကျောင်းသား၊ ကျောင်းသူများ၏ပညာသင်ယူမှုအခွင့်အလမ်းကိုအဆုံးရှုံးမခံနိုင်ပေ။ ထို့ကြောင့် ဂျီစီဘီအေအသင်းကြီးကဦးစီးပြီး အမျိုးသားကျောင်းများနှင့် အမျိုးသားကောလိပ်ကျောင်းကိုဖွင့်လှစ်လိုက်ကြသည်။ ရန်ကုန်မြို့ရှိ အမျိုးသားကောလိပ်နှင့် နိုင်ငံတစ်ဝန်းလုံးရှိ အမျိုးသားကျောင်းများက သင်ကြားလေ့ကျင့်ပေးမှုကြောင့် ပညာတတ်ရုံသာမက ဝံသာနုစိတ်ဓာတ်နှင့် အမျိုးသားရေးစိတ်ဓာတ်တို့ ပြင်းထန်လာသည်။ အမျိုးသားရေးအမြင်ကျယ်ပြန့်လာသည်။ အမျိုးဂုဏ်၊ ဇာတိဂုဏ်များတက်ကြွလာသည်။ ဇာတိသွေးဇာတိမာန်များနိုးကြားလာသည်။ အမျိုးသားရေးအင်အားတောင့်တင်းခိုင်ကျည်လာသည်။ အမျိုးသားရေးအသံများ ကျယ်ကျယ်လောင်လောင်ဟိန်းထွက်လာသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးက ဟိန်းထွက်လာသော အမျိုးသားရေးအသံများကြောင့် နယ်ချဲ့အင်္ဂလိပ်အစိုးရ မျက်ဖြူဆိုက်အကျပ်ရိုက်သွားသည်။ ဖိမ့်ဖိမ့်တုန်အောင်ထိတ်လန့်ကာ မျက်ကလဲဆန်ပျာဖြစ်လာသည်။ နှာခေါင်းကျည်ပွေ့တွေ့ရလေပြီ။ နယ်ချဲ့အင်္ဂလိပ်အစိုးရအနေဖြင့် မြန်မာနိုင်ငံအားမဖြစ်မနေ လွတ်လပ်ရေးပေးရတော့မည်ကို ရိပ်စားမိလာကြသည်။ ၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်ကမြန်မာ့လွတ်လပ်ရေးကို သန္ဓေတည်ပေးနိုင်ခဲ့သည်။ ဂျီစီဘီအေအသင်း၏ အထူးကွန်ဖရင့်ကို ၁၉၂၂ ခုနှစ် ဇွန်လ ၁၇ ရက်နှင့် ၁၈ ရက်တွင် ရန်ကုန်မြို့ ဂျူဗလီဟော၌ ကျင်းပခဲ့သည်။ ထိုကွန်ဖရင့်က လွတ်လပ်ရေးကိုသန္ဓေတည်ပေးနိုင်ခဲ့သည့် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်) ကျောင်းသားသပိတ်ကို မှတ်တမ်းတင်ဂုဏ်ပြုသောအားဖြင့် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်ကို အမျိုးသားအောင်ပွဲနေ့ အဖြစ် ဂုဏ်ပြုသတ်မှတ်လိုက်သည်။ ထိုအချိန်ကစပြီး နှစ်စဉ်တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်ရောက်တိုင်း အမျိုးသားအောင်ပွဲနေ့အခမ်းအနားကို ခံ့ခံ့ထည်ထည်ကျင်းပလာခဲ့သည်မှာ (၁၀၄)နှစ်မြောက်ပြီဖြစ်သည်။

> **❍ ၁၉၂၀ ပြည့်နှစ်တွင် နယ်ချဲ့အင်္ဂလိပ်အစိုးရက ဖိနှိပ်၊ ချုပ်ချယ်၊ ကန့်သတ်မှုအမျိုးမျိုးပါသောတက္ကသိုလ်အက်ဥပဒေကိုရေးဆွဲ၊ ထိုတက္ကသိုလ်အက်ဥပဒေသည် မြန်မာခေတ်ပညာတတ်လူငယ်များတိုးပွားမလာစေဘဲ ခေတ်ပညာတတ်လူငယ်များ လျော့ပါးသွားစေရန်ရည်ရွယ်ပြီး ကန့်သတ်ချက်အမျိုးမျိုးဖြင့် ဖိနှိပ်ချုပ်ချယ်ထားသောဥပဒေဖြစ် . . .**

ယခု (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို "တိုင်းရင်းသားများအကြားအပြန်အလှန်လေးစားမှု၊ ယုံကြည်မှုများတည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ အတတ်ပညာပြည့်ဝသော ပညာတတ်များပေါ်များရေး၊ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးကဝိုင်းဝန်းကူညီပံ့ပိုးရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှုမြှင့်တင်ဆောင်ရွက်ရေး" ဦးတည်ချက်(၄)ရပ်ဖြင့်ကျင်းပမည်ဖြစ်သည်။ ဦးတည်ချက်(၄)ရပ် ပေါက်မြောက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြန်မာတစ်မျိုးသားလုံးကျယ်ပြန့်သော အမျိုးသားရေးအမြင်၊ နိုးကြားသော အမျိုးသားရေးအသိ၊ ခိုင်သန်သော အမျိုးသားရေးစိတ်ဓာတ်နှင့် ဖွံ့ဖြိုးတိုးတက်လိုသော အမျိုးသားရေးဆန္ဒတို့ပြင်းပြရှင်သန်နေရန် အရေးကြီးလှသည်။

မျက်မှောက်ကာလ နိုင်ငံတကာဖြစ်စဉ်များတွင်ဖွံ့ဖြိုးပြီး နိုင်ငံအချို့က ဖွံ့ဖြိုးဆဲနိုင်ငံများကို လက်အောက်ခံတပည့်မွေးကာ သြဇာလွှမ်းမိုးရန် တာစူနေကြသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပြည်တွင်းရေးများကို ဝင်ရောက်စွက်ဖက်လာကြသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများကို မငြိမ်မသက်ဖြစ်အောင် သွေးထိုးလှုံ့ဆော်ပေးနေကြသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အချုပ်အခြာအာဏာကို မသိမသာထိပါးနေကြသည်။ ဆိုရသော် ယခင်က လက်နက်အသာစီးဖြင့်နယ်ချဲ့သည့်နည်းအစား ယခုအခါ နည်းပညာအသာစီးဖြင့် နယ်ချဲ့သည့်နည်းကိုသုံးလာကြခြင်းဖြစ်သည်။ ခေတ်သစ်နယ်ချဲ့နည်းဖြစ်သည်။ သို့အတွက်ကြောင့် အမျိုးသားရေးကိုယ်ခံအားကျဆင်းနေသော ဖွံ့ဖြိုးဆဲနိုင်ငံအချို့သည် ကစဥ့်ကလျားဖြစ်ပြီး သြဇာခံနိုင်ငံဘဝရောက်သွားကြရ၏။ ကျွန်ုပ်တို့သည် တစ်မျိုးသားလုံး၏ အမျိုးသားရေးကိုယ်ခံအား ရှင်သန်ကောင်းမွန်နေအောင် ကြိုးပမ်းကြရမည်ဖြစ်သကဲ့သို့ တစ်မျိုးသားလုံး၏ အမျိုးသားရေးအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်နေအောင် ကြိုးပမ်းကြရမည်ဖြစ်သည်။ တစ်ဦးချင်းစီ၏ အမျိုးသားရေးကိုယ်ခံအားရှင်သန်ကောင်းမွန်နေမှ တစ်မျိုးသားလုံး၏ အမျိုးသားရေးကိုယ်ခံအားလည်း ရှင်သန်ကောင်းမွန်နေမည်ဖြစ်သလို တစ်ဦးချင်းစီ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်နေမှ တစ်မျိုးသားလုံး၏ အမျိုးသားရေးအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်သည်။ တစ်မျိုးသားလုံး၏ အမျိုးသားရေးကိုယ်ခံအားရှင်သန်ရေးနှင့်တစ်မျိုးသားလုံး၏အမျိုးသားရေးအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးသည် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးကသော့ချက်ဖြစ်ပေသည်။

> **❍ တစ်ဦးချင်းစီ၏ အမျိုးသားရေးကိုယ်ခံအား ရှင်သန်ကောင်းမွန်နေမှ တစ်မျိုးသားလုံး၏ အမျိုးသားရေးကိုယ်ခံအားလည်း ရှင်သန်ကောင်းမွန်နေမည်ဖြစ်သလို တစ်ဦးချင်းစီ၏အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်နေမှ တစ်မျိုးသားလုံး၏ အမျိုးသားရေးအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်နေမည်ဖြစ် . . .**

ယနေ့ကာလ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် "(က)တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။ (ခ)တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။ (ဂ)နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး၊ ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး" စသည့် လူမှုရေးဦးတည်ချက်များချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်ပေးနေသည်များကို ကွက်ကွက်ကွင်းကွင်း၊ မျက်ဝါးထင်ထင်တွေ့မြင်နေရသည်။

ထိုသို့ နိုင်ငံတော်အစိုးရကဆောင်ရွက်ပေးနေခြင်းသည် ရေတိုကောင်းကျိုးအတွက်သာ မျှော်မှန်းသည်မဟုတ်ပေ။ ရေရှည်ကောင်းကျိုးအတွက် မျှော်မှန်းပြီး ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ ရေတိုတွင်သာမက ရေရှည်တွင်လည်း တစ်မျိုးသားလုံး၏ အမျိုးသားရေးကိုယ်ခံအားရှင်သန်နေရမည်ဖြစ်သကဲ့သို့ တစ်မျိုးသားလုံး၏ အမျိုးသားရေးအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်နေရမည်မဟုတ်ပါလော။ ။

**⏭ တိုင်းရင်းဆေးညီလာခံကြီးကျင်းပခြင်းသည် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးပညာ အစွန့်ရှည်တည်တံ့ခိုင်မြဲစေရန်နှင့် အတွေ့အကြုံရှိသည့် ဝါရင့်တိုင်းရင်းဆေးသမားတော်ကြီးများနှင့် မျိုးဆက်သစ်လူငယ်များက သိမှုသုံးဖြာဖြစ်သော ရောဂါဆိုင်ရာ၊ ကုထုံးဆိုင်ရာ၊ဆေးဝါးဆိုင်ရာဆိုသည့် အတွေ့အကြုံဗဟုသုတများကို နှီးနှောဖလှယ်နိုင်ခြင်း၊ မျှဝေခြင်း၊ လက်ဆင့်ကမ်းအမွေပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးကောင်းများရရှိနိုင်မည်ဖြစ် . . .**

**⏭ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများသည် မြန်မာနိုင်ငံအတွင်းရှိ တော၊ တောင်၊ ရေ၊ မြေတို့မှရရှိသော သဘာဝအရင်းအမြစ်များကိုအသုံးပြုပြီး အာနိသင်ပြည့်ဝသည့်ဆေးဝါးများကို ကိုယ်တိုင်ဖော်စပ်ထုတ်လုပ်ပြီး ခေတ်အဆက်ဆက်တွင် ပြည်သူလူထု၏ကျန်းမာရေးကို စောင့်ရှောက်ပေးခဲ့ကြသည့်အစဉ်အလာကို ထိန်းသိမ်းဆောင်ရွက် . . .**

❑ **စာမျက်နှာ ၁၅ မှအဆက်**

ဘုရင့်သမားတော်အဖြစ်ခန့်အပ်ပြီး "နေမျိုးဘိသက္ကရာဇာ"ဘွဲ့ကို ပေးအပ်ချီးမြှင့်လေ့ရှိခဲ့ကြောင်း။

နိုင်ငံတော်က တိုင်းရင်းဆေးပညာကဏ္ဍကို မြှင့်တင်ပေးလျက်ရှိကြောင်း၊ ၁၉၈၉ ခုနှစ်၊ ဩဂုတ်လ (၃)ရက်နေ့တွင် တိုင်းရင်းဆေးပညာဦးစီးဌာနအဖြစ် သီးခြားဖွဲ့စည်းတိုးမြှင့်ပေးသည့်အတွက် တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပိုမိုလျင်မြန်လာခဲ့ကြောင်း၊ ၂၀၀၁ ခုနှစ်က မန္တလေးမြို့တွင် တိုင်းရင်းဆေးတက္ကသိုလ်ဖွင့်လှစ်ခဲ့ပြီး မျိုးဆက်သစ်များကို မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့၊ မြန်မာ့တိုင်းရင်းဆေးပညာမဟာဘွဲ့များ အပ်နှင်းနိုင်ခဲ့ကြောင်း၊ တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲများကို အခါအားလျော်စွာလုပ်ဆောင်ခဲ့ပြီး (၂၀၀၀)ပြည့်နှစ်ကစပြီး မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုအခါ (၂၃)ကြိမ်မြောက် ကျင်းပနေပြီဖြစ်ကြောင်း။

ညီလာခံနှင့် နှီးနှောဖလှယ်ပွဲ၏ရည်ရွယ်ချက်များအနေဖြင့် **"တိုင်းရင်းဆေးပညာသင်ကြားရေးဆိုင်ရာအရည်အသွေးအသိအမှတ်ပြုနိုင်စေရန်" "တိုင်းရင်းဆေးပညာပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းဆေးဝါးများခေတ်စနစ်နှင့်အညီ ထုတ်လုပ်နိုင်စေရန်" "အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ ပိုမိုမွေးထုတ်ပေးနိုင်စေရန်" "မြန်မာ့တိုင်းရင်းဆေးပညာရိုးရာယဉ်ကျေးမှု အမွေအနှစ်အားလေးစားတန်ဖိုးထားတတ်စေရန်"**တို့ဖြစ်ကြောင်း၊ အဆိုပါရည်ရွယ်ချက်များအောင်မြင်ရန် အကောင်အထည်ဖော်နိုင်မည့်ရေ့လုပ်ငန်းစဉ်များကို ယခုကျင်းပသည့် ညီလာခံတွင် ဆွေးနွေးညှိနှိုင်းပြီး အဖြေရှာကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာရန်အတွက် ကျန်းမာရေးကဏ္ဍတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် စဉ်ဆက်မပြတ်အားပေးဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရက တိုင်းရင်းဆေးအခန်းကဏ္ဍကို အလေးအနက်ထားပြီး အားပေးချီးမြှောက် ပေးလျက်ရှိနေသလို တိုင်းရင်းဆေးပညာရှင်များကလည်း ကြိုးစားအားထုတ်နေသည်ကိုတွေ့ရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ ထို့သို့ကြိုးစားအားထုတ်ကြရာတွင် ကျင့်ဝတ်နှင့်အညီ စည်းကမ်းတကျဖြစ်စေရန် တိုင်းရင်းဆေးကောင်စီဥပဒေ၊ တိုင်းရင်းဆေးဝါးဥပဒေများနှင့်အညီ စနစ်တကျဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ယခုအခါတွင် တိုင်းရင်းဆေးတက္ကသိုလ်က မြန်မာ့တိုင်းရင်းဆေးပညာရှင်များကို ဒီပလိုမာအဆင့်၊ ဘွဲ့ရအဆင့်မှ တိုင်းရင်းဆေးပညာမဟာဘွဲ့အဆင့်အထိ လေ့ကျင့်မွေးထုတ်ပေးနေပြီဖြစ်သလို နိုင်ငံတော်အစိုးရ၏ချီးမြှောက်ပံ့ပိုးမှုနှင့် မြန်မာ့တိုင်းရင်းဆေးပညာပါရဂူဘွဲ့အထိ ပေးအပ်နိုင်ရန်အတွက် ၂၀၂၅ ခုနှစ် ပညာသင်နှစ်ကစတင်ပြီး ပါရဂူသင်တန်းများကို ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း။

တိုင်းရင်းဆေးညီလာခံကြီးကျင်းပခြင်းသည် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးပညာ အစွန့်ရှည်တည်တံ့ခိုင်မြဲစေရန်နှင့် အတွေ့အကြုံရှိသည့်ဝါရင့်တိုင်းရင်းဆေးသမားတော်ကြီးများနှင့် မျိုးဆက်သစ်လူငယ်များက သိမှုသုံးဖြာဖြစ်သော ရောဂါဆိုင်ရာ၊ ကုထုံးဆိုင်ရာ၊ ဆေးဝါးဆိုင်ရာဆိုသည့် အတွေ့အကြုံဗဟုသုတများကို နှီးနှောဖလှယ်နိုင်ခြင်း၊ မျှဝေခြင်း၊ လက်ဆင့်ကမ်းအမွေပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးကောင်းများရရှိနိုင်မည်ဖြစ်ကြောင်း၊ ညီလာခံကြီးက ဆွေးနွေးရရှိသည့်ဆုံးဖြတ်ချက်များ၊ ရလဒ်များကတစ်ဆင့် ပြည်သူလူထုကို အရည်အသွေးပြည့်ဝသည့် မြန်မာ့တိုင်းရင်းဆေးပညာဆိုင်ရာကုထုံးများ၊ ဆေးဝါးများနှင့် ကျန်းမာရေးစောင့်ရှောက်ပေးနိုင်လာမည်ဖြစ်ပြီး ပြည်သူများကလည်း ဘိုးဘွားအမွေအနှစ်ဖြစ်သည့် တိုင်းရင်းဆေးပညာကို လေးစားတန်ဖိုးထားပြီး ပိုမိုယုံကြည်အားကိုးလာမည်ဖြစ်ကြောင်း၊ မျိုးဆက်သစ်တိုင်းရင်းဆေးပညာရှင်များကလည်း အနာဂတ် မြန်မာ့တိုင်းရင်းဆေးပညာရပ်ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ခေတ်နှင့်အညီ ဆက်လက်ကြိုးပမ်းအားထုတ်ဆောင်ရွက်သွားကြရန် အထူးတိုက်တွန်းမှာကြားလိုကြောင်း။

မြန်မာ့တိုင်းရင်းဆေးပညာကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ကမ္ဘာ့နိုင်ငံများ၏ တိုင်းရင်းဆေးဆိုင်ရာ ကဏ္ဍများနှင့်လည်း ယခုထက် ပိုမိုချိတ်ဆက်လေ့လာပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ အာဆီယံ၊ ဘင်း(မ်)စတက်၊ မဲခေါင်အစရှိသော နိုင်ငံတကာအဖွဲ့အစည်းများနှင့် တိုင်းရင်းဆေးပညာကဏ္ဍများတွင် အတူလိုက်ပါပူးပေါင်းဆောင်ရွက်နေခြင်းဖြင့် မြန်မာ့တိုင်းရင်းဆေးပညာနှင့်ဆေးဝါးများ အရည်အသွေးပြည့်ဝစွာဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာကိုထိုးဖောက်နိုင်မည့်မြန်မာ့တိုင်းရင်းဆေးစွမ်းကောင်းများ ပေါ်ထွန်းလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ထို့အပြင် ကုထုံးများ၊ တန်ဖိုးမဖြတ်နိုင်သည့် သမိုင်းအစဉ်အလာကြီးမားသော ဆေးကျမ်းများနှင့် အာနိသင်ထက်မြက်သည့် ဆေးဝါးများ စသည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်များ၏ အနှစ်သာရအဆီအနှစ်များကိုစုစည်းပြီး အမျိုးသားအမွေအနှစ်ဆေးပညာရပ်တစ်ရပ်အဖြစ် ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ယခုညီလာခံကြီးကနေ ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးကြရန် မှာကြားလိုကြောင်း။

ကိုဗစ်-၁၉ ရောဂါ ကပ်ရောဂါဘေးနှင့် ကြုံတွေ့ခဲ့သည့်အချိန်တွင် တိုင်းရင်းဆေးနှင့် ကာကွယ်ကုသနိုင်ရေးအတွက် တိုင်းရင်းဆေးဖုံ(ဝိသမအဖျားပျောက်ဆေး)၏အကျိုးထိရောက်မှုကို သုတေသနပြုလုပ်အောင်မြင်ခဲ့ကြကြောင်း၊ ဆေးဝါး၏အရည်အသွေးဆိုင်ရာ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း၊ လတ်တလောနှင့်ရေတိုအဆိပ်အာနိသင်ဆိုင်ရာစမ်းသပ်ခြင်း၊ ဆေး၏ခံနိုင်ရည်အားကျန်းမာသည့်လူများပေါ်တွင် စမ်းသပ်ခြင်းနှင့် ကိုဗစ်-၁၉ ရောဂါအတည်ပြုသာမန်လက္ခဏာရှိ လူနာများပေါ်တွင် ဆေးလက်တွေ့သုတေသနပြု စမ်းသပ်ခြင်း သုတေသန အဆင့်ဆင့်ပြုလုပ်ပြီး တိုင်းရင်းဆေးဝါးမှတ်ပုံတင် လျှောက်ထားရရှိခဲ့ပြီး ဆေးဝါးထုတ်လုပ်ကာ တိုင်းရင်းဆေးရုံများတွင် အသုံးပြုနိုင်ရေး အခမဲ့ဖြန့်ဝေအသုံးပြုနေပြီကိုသိရှိရသဖြင့် မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ထို့အပြင် လေဘေး၊ ရေဘေး စသည့်သဘာဝဘေးအန္တရာယ်များကြုံတွေ့သည့်အခါတွင်လည်း ပြည်သူလူထုကို တစ်ဖက်တစ်လမ်းက မြန်မာ့တိုင်းရင်းဆေးပညာနှင့်အားသွန်ခွန်စိုက်စွမ်းစွမ်းတမံစောင့်ရှောက်ပေးကြသည်ကို တွေ့မြင်ရသည့်အတွက် အားရကျေနပ်စရာပင်ဖြစ်ကြောင်း။

မြန်မာ့တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး၊မြန်မာ့တိုင်းရင်းဆေးဝါးများ အရည်အသွေးပြည့်ဝပြီး ဘေးကင်းလုံခြုံစိတ်ချရစေရေး၊ အရည်အသွေးပိုမိုပြည့်ဝသည့်တိုင်းရင်းဆေးဆရာလူ့စွမ်းအားအရင်းအမြစ်များပေါ်ထွက်လာစေရေးတို့အတွက် နိုင်ငံတော်၏ပံ့ပိုးအားပေးမှုနှင့်အတူ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတို့၏ကြိုးပမ်းမှုဖြင့် တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုလျင်မြန်စွာ ဆောင်ရွက်လာခဲ့ရာ ယခုအခါ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးအနေဖြင့် ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံ ၃ ရုံ၊ ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံ ၉ ရုံ၊ ၂၅ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ၁၃ ရုံနှင့် ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ၂၄ ရုံ၊ ခရိုင် တိုင်းရင်းဆေးခန်း ၅၀၊ မြို့နယ်တိုင်းရင်းဆေးခန်း ၂၁၀ ဖွင့်လှစ်၍ မြန်မာ့တိုင်းရင်းဆေးစွမ်းကောင်းများဖြင့် တိုင်းရင်းသားပြည်သူများ၏ကျန်းမာရေးကဏ္ဍကို မြှင့်တင်စောင့်ရှောက်ပေးလျက်ရှိသည်ကို တွေ့ရှိရသည်မှာ ဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်ကြောင်း။

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာပူးပေါင်းဆွေးနွေးဖလှယ်ခြင်းနှင့် တိုင်းရင်းဆေးဝါးများအပြန်အလှန်ကူးသန်းရောင်းဝယ်ခြင်းလုပ်ငန်းများ ပြုလုပ်နိုင်ကြရန် တိုင်းရင်းဆေးသမားတော်များနှင့် တိုင်းရင်းဆေးဝါးလုပ်ငန်းရှင်များက စဉ်ဆက်မပြတ် ဆန်းစစ်လေ့လာပြီး ကြိုးပမ်းဆောင်ရွက်ကြရန်ကိုလည်းတိုက်တွန်းလိုကြောင်း၊ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများသည် မြန်မာနိုင်ငံအတွင်းရှိ တော၊ တောင်၊ ရေ၊ မြေတို့မှရရှိသော သဘာဝအရင်းအမြစ်များကိုအသုံးပြုပြီး အာနိသင်ပြည့်ဝသည့် ဆေးဝါးများကို ကိုယ်တိုင်ဖော်စပ်ထုတ်လုပ်ပြီး ခေတ်အဆက်ဆက်တွင် ပြည်သူလူထု၏ကျန်းမာရေးကိုစောင့်ရှောက်ပေးခဲ့ကြသည့် အစဉ်အလာကို ထိန်းသိမ်းဆောင်ရွက်သွားကြရန်တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ခုတင်၅၀ ဆံ့တိုင်းရင်းဆေးရုံများ၏ လုပ်ငန်းစွမ်းဆောင်ရည်ဆုများကိုပေးအပ်ချီးမြှင့်ရာ ပထမဆုရရှိသည့် ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံ (ပဲခူး)၊ ဒုတိယဆုရရှိသည့် ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံ(တောင်ကြီး)နှင့်တတိယဆုရရှိသည့် ခုတင်၅၀ ဆံ့ တိုင်းရင်းဆေးရုံ(ဘားအံ)တို့မှ ဆေးရုံအုပ်များက လက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ၂၅ ခုတင်ဆံ့ တိုင်းရင်းဆေးရုံများ၏လုပ်ငန်းစွမ်းဆောင်ရည်ဆုရရှိကြသည့် တိုင်းရင်းဆေးရုံများကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံများ၏ လုပ်ငန်းစွမ်းဆောင်ရည်ဆုရရှိကြသည့် တိုင်းရင်းဆေးရုံများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းရင်းဆေးပညာဦးစီးဌာန၏တိုင်းရင်းဆေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်း Video ကို ပြသသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ၊တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့ဝင်များ၊ တိုင်းရင်းဆေးသမားတော်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများ၊ ကိုယ်စားလှယ်တော်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ တိုင်းရင်းဆေးပညာဦးစီးဌာနပြခန်းနှင့်ခင်းကျင်းပြသထားသည့်ဆေးဝါးပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်ထံသို့ မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက တိုင်းရင်းဆေးခြင်းအား ဂါရဝပြုပေးအပ်သည်။

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အဖွဲ့ဝင်များနှင့်အတူ (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်သည်။

ညစာမသုံးဆောင်မီနှင့်သုံးဆောင်နေစဉ်အတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။

ညစာစားပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် သီဆိုဖျော်ဖြေကြသည့်အနုပညာရှင်များအား ဂုဏ်ပြုဆေးခြင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(၁၀၀)**



(၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တိုင်းရင်းဆေးပညာဦးစီးဌာနပြခန်းနှင့် ခင်းကျင်းပြသထားသည့်ဆေးဝါးပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။



(၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းထံ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တိုင်းရင်းဆေးခြင်းအား ဂါရဝပြုပေးအပ်စဉ်။






(၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှအနုပညာရှင်များ၏ တေးသံသာများဖြင့် သီဆိုဖျော်ဖြေမှုကိုကြည့်ရှုအားပေးစဉ်။

**⏭ နိုင်ငံတော်အနေဖြင့် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာရန်အတွက် ကျန်းမာရေးကဏ္ဍတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်းတိုးတက်မြင့်မားရေး အတွက် စဉ်ဆက်မပြတ် အားပေးဆောင်ရွက်လျက်ရှိ . . .**

**⏭ ယခုအခါတွင် တိုင်းရင်းဆေးတက္ကသိုလ်က မြန်မာ့တိုင်းရင်းဆေးပညာရှင်များကို ဒီပလိုမာအဆင့်၊ ဘွဲ့ရအဆင့်မှ တိုင်းရင်းဆေးပညာမဟာဘွဲ့အဆင့်အထိ လေ့ကျင့်မွေးထုတ်ပေးနေပြီဖြစ်သလို နိုင်ငံတော်အစိုးရ၏ချီးမြှောက်ပံ့ပိုးမှုနှင့် မြန်မာ့တိုင်းရင်းဆေးပညာပါရဂူဘွဲ့အထိ ပေးအပ်နိုင်ရန်အတွက် ၂၀၂၅ ခုနှစ် ပညာသင်နှစ်ကစတင်ပြီး ပါရဂူသင်တန်းများကို ဖွင့်လှစ်နိုင်တော့မည်ဖြစ် . . .**

❑ **စာမျက်နှာ ၁၇ မှအဆက်**

မိမိတို့နိုင်ငံတွင်လည်း ရှေးမြန်မာမင်းများလက်ထက်ကစပြီး မိမိတို့၏ရေမြေသဘာဝတောတောင်များကရရှိသည့် ဆေးဖက်ဝင်ပစ္စည်းများနှင့်ကုသခြင်း၊ မြန်မာ့တိုင်းရင်းဆေးစွမ်းကောင်းများနှင့် ပြည်သူလူထု၏ကျန်းမာရေးကို စောင့်ရှောက်ပေးခဲ့ကြသည်မှာ နှစ်ပေါင်းထောင်ချီကာလရှိခဲ့ပြီဖြစ်ကြောင်း၊ ရတနာပုံခေတ်မင်းတုန်းမင်းလက်ထက်တွင် ဆရာတော်များ၊ သမားတော်များက အာယုဗ္ဗေဒဆေးကျမ်းများကို သက္ကတဘာသာမှ မြန်မာဘာသာသို့ပြန်ဆိုခြင်း၊ တိုင်းရင်းဆေးကျမ်းများပြုစုခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း၊ မင်းတုန်းမင်းလက်ထက်တွင် မြန်မာ့တိုင်းရင်းဆေးပညာဖြစ်သည့် ဒေသနာနယဆေးပညာနည်းစနစ် တောင်သာခြောက်လုံးကောက်ဆေးပညာကို တောင်သာဆရာကြီးဆရာမှုန့်က တီထွင်ခဲ့ကြောင်း၊ သတ်မှတ်ထားသည့်အရည်အချင်းများနှင့် ပြည့်စုံသည့်အထူးကျွမ်းကျင်သော ဆေးဆရာကြီးများကို

**စာမျက်နှာ ၁၄ သို့** ❑



(၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း သီဆိုဖျော်ဖြေကြသည့်အနုပညာရှင်များအား ဂုဏ်ပြုဆေးခြင်းပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် Video Message ဖြင့် အဖွင့်ဂုဏ်ပြုမိန့်ခွန်းပြောကြားစဉ်။



(၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံများ၏ လုပ်ငန်းစွမ်းဆောင်ရည် ပထမဆုရရှိသည့် ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံ(ပဲခူး)အား ဆုပေးအပ်ချီးမြှင့်စဉ်။



(၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံများ၏ လုပ်ငန်းစွမ်းဆောင်ရည် ဒုတိယဆုရရှိသည့် ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံ(တောင်ကြီး)အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ၂၅ ခုတင်ဆံ့ တိုင်းရင်းဆေးရုံများ၏လုပ်ငန်းစွမ်းဆောင်ရည်ဆုရရှိသည့် တိုင်းရင်းဆေးရုံမှတာဝန်ရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံများ၏လုပ်ငန်းစွမ်းဆောင်ရည်ဆုရရှိသည့် တိုင်းရင်းဆေးရုံမှတာဝန်ရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

❑ **ကျောဖုံးမှအဆက်**

မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ခံများ၊ မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အသင်း/အဖွဲ့များ၊ တိုင်းရင်းဆေးကောင်စီဝင်များ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းကြီးနှင့် မြန်မာနိုင်ငံအနှံ့အပြားမှ တိုင်းရင်းဆေးသမားတော်ကိုယ်စားလှယ်များ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများ၊ ဆေးပစ္စည်းလုပ်ငန်းရှင်များ၊ တိုင်းရင်းဆေးရုံများ၊ တိုင်းရင်းဆေးတက္ကသိုလ်များမှဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲ

# မြန်မာ့တိုင်းရင်းဆေးစွမ်းကောင်းများနှင့် ပြည်သူလူထု၏ကျန်းမာရေးကို စောင့်ရှောက်ပေးခဲ့ကြသည်မှာ နှစ်ပေါင်းထောင်ချီကာလရှိခဲ့ပြီဖြစ်






(၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

အခမ်းအနားကို ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်း၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေး၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦး၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဦးမိတ်နှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းဗဟိုဥက္ကဋ္ဌ ဦးသိန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံနှင့်မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲအခမ်းအနားကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်သည်။

ယင်းနောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲသို့ပေးပို့သည့် ဂုဏ်ပြုမိန့်ခွန်း Video Messageကိုဖွင့်လှစ်ပြသသည်။ **(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ပြောကြားသည့် အဖွင့်ဗီဒီယိုမိန့်ခွန်းအပြည့်အစုံအား စာမျက်နှာ(၆)တွင် သီးခြားဖော်ပြထားပါသည်။)**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် တိုင်းရင်းဆေးဝါးများနှင့်ရိုးရာဆေးပညာကုထုံးများရှိခဲ့ကြပြီး အနောက်တိုင်းဆေးပညာများ၊ ခေတ်မီဆေးဝါးများနှင့်ဆေးကုသမှုအတတ်ပညာများ မပေါ်ပေါက်မီကပင် ရိုးရာတိုင်းရင်းဆေးများ၊ ရိုးရာဆေးကုထုံးများနှင့် ကျန်းမာရေးကို စောင့်ရှောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

**စာမျက်နှာ ၁၅ သို့ ❑**



(၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တိုင်းရင်းဆေးပညာဦးစီးဌာနပြခန်းနှင့်ခင်းကျင်းပြသထားသည့်ဆေးဝါးပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။





(၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တိုင်းရင်းဆေးပညာဦးစီးဌာနပြခန်းနှင့်ခင်းကျင်းပြသထားသည့်ဆေးဝါးပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Senior General Min Aung Hlaing attends the dinner to mark 100th Anniversary of Myanmar Engineering Education and inauguration of Naypyitaw State Polytechnic University

NAY PYI TAW November 22

Chairman of State Administration Council (SAC), Prime Minister Senior General Min Aung Hlaing attended a dinner ceremony to mark the 100th Anniversary of Myanmar Engineering Education and the opening ceremony of Naypyitaw State Polytechnic University held this evening at the university.

The joint secretary of the council, General Ye Win Oo, Council members; Union Ministers and Union Level persons, Chairman of Naypyitaw Council, high-ranking military officers from the Office of the Commander-in-Chief of Defence, Commander of Nay Pyi Taw Command, Deputy Ministers, Rectors of various universities, Vice Chancellors, engineers, the invited guests, teachers and officials attended.

First, Senior General Min Aung Hlaing arrived at the place where the honor dinner ceremony will be held, where he was greeted by the Union Minister for Science and Technology Dr Myo Thein Kyaw and officials.

After that, the SAC Chairman and those who attended the ceremony had a celebratory dinner together.

Before and during dinner, students and artists from the Arts Department of the Ministry of Religious Affairs and Culture, artists from Myanmar Radio and Television of the Ministry of Information and Myawady Music Group under the command of the Directorate of Public Relations and Psychological Welfare perform music, descriptive dances and ethnic culture dance.




Senior General Min Aung Hlaing presents cash award for students and artists.

After that, the SAC Chairman presented flower baskets and cash prizes to students and artists and greeted them warmly.

100





Senior General Min Aung Hlaing enjoys the performance at the dinner to mark the 100th Anniversary of Myanmar Engineering Education and inauguration of Naypyitaw State Polytechnic University.

■■ From Page - 21

encourage them to continue and expand these efforts even further.

In conclusion, the purpose of holding this seminar annually is to ensure the sustainable maintenance of public health through traditional medicine, while fostering greater trust, respect, and confidence in traditional medicine among the public. At this conference, held with this goal in mind, may experts from the Ministry of Health, the Department of Traditional Medicine, the University of Traditional Medicine, and experts from other related ministries, as well as members of the Myanmar Traditional Medicine Council, the Traditional Medicine Advisory Group, the Myanmar Traditional Medicine Association, the Myanmar Traditional Medicine Manufacturers and Medical Equipment Manufacturers Association, and traditional medicine experts from across the country, engage in constructive and collaborative discussions. In conclusion, I wish for the accelerated development of Myanmar traditional medicine, and for it to further enhance the health of the people with the highest quality standards.

**Thank you all.**

# 23rd Myanmar Traditional Medicine Practitioners' Conference, Myanmar Traditional Medicine Seminar kick off



Vice-Senior General Soe Win addresses the ceremony to launch the 23rd Myanmar Traditional Medicine Practitioners' Conference and Myanmar Traditional Medicine Seminar.



The ribbon being cut to launch the 23rd Myanmar Traditional Medicine Practitioners' Conference and Myanmar Traditional Medicine Seminar.

NAY PYI TAW November 22

A ceremony to launch the 23rd Myanmar Traditional Medicine Practitioners' Conference and Myanmar Traditional Medicine Seminar took place at the Myanmar International Convention Centre II in Nay Pyi Taw this morning.

Present at the ceremony were Patron of the Leading Committee for Organizing the Conference and Seminar Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win together with council members, union ministers, deputy ministers, senior military officers, Nay Pyi Taw Council members, departmental heads, ambassadors and charges d'affaires of foreign embassies to Myanmar, the President of Myanmar Medical Council, members of the advisory board of traditional medicine, resident representatives of UN agencies, NGOs, Traditional Medicine Council members, representatives from Myanmar Traditional Medicine Practitioners Association and traditional medicines across the nation, Myanmar traditional medicine entrepreneurs, medicine entrepreneurs, faculty members and students of traditional medicine hospital and the Traditional Medicine University.

First, Chairman of the Leading Committee Union Minister for Health Prof Dr Thet Khine Win, Deputy Minister Prof Dr Aye Tun, Nay Pyi Taw Council member Col Ye Moe, Director General of Traditional Medicine Department Dr Su Su Dwe, President of Myanmar Traditional Medicine Council U Myint Oo, Chairman of the Advisory Board Dr U Meik and Chairman of Myanmar Traditional Medicine Practitioners Association U Thein Win formally cut the ribbon to launch the conference and seminar.



Vice-Senior General Soe Win views documentary photos.

The Vice-Senior General pressed the button to open the conference and seminar.

Then, a video message sent by SAC Chairman Prime Minister Senior General Min Aung Hlaing to the conference and seminar was screened. **(The full text of video message delivered by the Senior General is report on page 21.)**

Next, the Vice-Senior General delivered a speech, saying that global countries are sustaining the traditional medicines and traditionally medicinal therapies. Before emergence of the western medical education, modern drugs and medical technologies, traditional medicines and therapies were used in treating the patients.

In Myanmar, starting from the reign of the ancient Myanmar kings, natural resources have been utilized for medicinal purposes to treat ailments. Traditional Myanmar medicine has long played a significant role in providing healthcare services to the people for over a thousand years. During the reign of King Mindon, prominent monks and traditional medicine practitioners translated Ayuvvedic medical texts from Sanskrit into the Myanmar language and compiled traditional medicine treatises. During the reign of King Mindon, Taungtha six-word medical techniques of the traditional Myanmar medicine system were developed by Taungtha traditional practitioner Saya Hmont. Highly skilled and qualified medical practitioners were appointed as royal physicians and conferred the honorary title of "Nay Myo Bhisakkaraja" as a mark of distinction.

The government has been promoting the traditional medicine sector. The development tasks of Myanmar traditional medicine gathered pace as the Department of Myanmar Traditional Medicine was separately established on 3 August,1989. The University of Myanmar Traditional Medicine was opened in Mandalay in 2001 and bachelor and master degrees in Myanmar traditional medicine have been offered to new generations. Myanmar traditional medicine consultations were occasionally held and conferences of Myanmar traditional medicine physicians have been held annually since the year 2000. It is the 23rd conference of Myanmar traditional medicine physicians.

The objectives of the conferences and consultations are: **"To recognize the quality of**

**See Page - 20**

●● From Page - 19

**traditional medicine education," "To further develop traditional medicine and align its practices with modern systems," "To train and produce more qualified traditional medicine professionals," and "To respect and uphold the traditional cultural heritage of Myanmar's medical practices."** Future tasks and solutions must be discussed at the conference to achieve the objectives. The government has been carrying out tasks for the health and longevity of the entire people and for the development of the health sector by promoting the health standards of national people.

I am glad to see that tractional medicine physicians are exerting efforts while the government has been promoting the role of traditional medicine seriously. In doing so, I would like to urge medicines with new generations, leaving legacy of traditional medicines. Traditional medicine physicians will be able to provide healthcare services by using quality traditional medicine treatments and medicines through decisions and outcomes of the conference. The public will appreciate traditional medicine, a legacy of forefathers and foremothers, and rely on it more. New generation traditional medicine physicians are urged to exert efforts for development of future traditional medicine in line with changing times.

It is necessary for physicians to cooperate with traditional medicine sectors of world countries by linking with them at a higher level for the development and modernization of Myanmar traditional medicine. Efforts must be made for development of Visama fever pills, a traditional medicine, was successfully conducted in an attempt for prevention and treatments of the disease through traditional medicine. The SAC is proud to learn that the traditional medicine is being distributed free of charge and used in traditional medicine hospitals after conducting tests on its quality, immediate and short-term side effects, strength of the medicine on healthy people and COVID-19 patients and applying for registration. It is also encouraging to learn that physicians energetically provided healthcare services to the people through traditional medicine during natural disasters such as storms and floods.

To promote the further development of Myanmar's traditional medicine, ensure the quality and safety of traditional medi-



Vice-Senior General Soe Win presents a prize.



Vice-Senior General Soe Win attends the commemorative dinner.

all to observe the traditional medicine council law and traditional medicine laws so that such efforts are systematic and ethical.

The traditional medicine university has been nurturing diploma holders, graduates and postgraduates in Myanmar traditional medicine and plans are underway to introduce doctoral courses in 2025 with the support of the government.

By holding the traditional medicine conference, there are benefits of preserving Myanmar traditional medicine, a national cultural heritage, creating opportunity for veteran physicians to discuss experiences and knowledge about three kinds of knowledge such as diseases, treatments and of Myanmar traditional medicine and production of potent Myanmar traditional medicines that can penetrate into international markets by cooperating in the traditional medicine sector with international organizations such as Shanghai Cooperation Organization, ASEAN, BIMSTEC, Greater Mekong Subregion.

Moreover, participants are urged to discuss ways and means for further development of Myanmar traditional medicine as a national heritage at the conference by collecting the essence of Myanmar traditional medicine such as treatments, invaluable medical treatises and potent medicines.

During the outbreak of COVID-19, research on effectiveness cines, and cultivate more skilled traditional medicine practitioners, the Department of Traditional Medicine under the Ministry of Health has accelerated efforts to advance traditional medicine practices with the support of the state. Currently, Myanmar boasts 3 traditional medicine hospitals with 100 beds each, 9 hospitals with 50 beds each, 13 hospitals with 25 beds each, and 24 hospitals with 16 beds each. Additionally, there are 50 district traditional medicine clinics and 210 township clinics, contributing significantly to the health and well-being of the public through the effective use of Myanmar's traditional medicine. This progress is a source of pride and joy.

Efforts have been encouraged for traditional medicine practitioners and manufacturers to continually engage in collaboration, exchange, and mutual trade of traditional medicines. Practitioners are urged to preserve the legacy of crafting effective medicines from the natural resources forests, mountains, water, and land available within Myanmar, ensuring the well-being of the public through self-manufactured remedies.

At the Traditional Medicine Practitioners' Conference and Myanmar Traditional Medicine Symposium, State Administration Council Vice Chairman Deputy Prime Minister Vice-Senior General Soe Win presented awards for operational excellence to 50-bed traditional medicine hospitals. First place was awarded to the 50-bed hospital in Bago, second place to the 50-bed hospital in Taunggyi, and third place to the 50-bed hospital in Hpa-an, with their respective medical superintendents receiving the awards.

Subsequently, SAC member Deputy Prime Minister Union Minister for Defence Admiral Tin Aung San awarded operational performance prizes to 25-bed traditional medicine hospitals. Similarly, SAC member Union Minister for Home Affairs Lt-Gen Yar Pyae awarded prizes to 16-bed hospitals.

Following this, a video documenting the development activities of the Traditional Medicine Department was showcased.

The Vice-Senior General and party posed for commemorative photographs with the Myanmar Medical Council chairman, advisory committee members for traditional medicine, traditional medicine practitioners, manufacturers, and officials.

After the opening ceremony, the Vice-Senior General, along with officials, visited exhibitions showcasing traditional medicine products and related displays organized by the Traditional Medicine Department. Later, the chairman and members of Myanmar Traditional Medicine Manufacturers and Medical Equipment Entrepreneurs Association paid their respects to the Vice-Senior General by presenting a basket of traditional medicines.

In the evening, the Vice-Senior General and party attended the 23rd Myanmar Traditional Medicine Practitioners' Conference and Symposium dinner.

The dinner featured entertainment provided by artists from the Ministry of Information's Myanmar Radio and Television, who performed musical pieces for the attendees.

At the end of the dinner, Vice-Senior General Soe Win presented medical baskets of honor to the performing artists.

# Chairman of State Administration Council Prime Minister Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing's keynote speech at the Opening Ceremony of 23rd Myanmar Traditional Medicine Practitioners' Conference and Myanmar Traditional Medicine Seminar

## 22 November 2024


Senior General Min Aung Hlaing gives a keynote speech at the Opening Ceremony of the 23rd Myanmar Traditional Medicine Practitioners' Conference and Myanmar Traditional Medicine Seminar.

**Mingalarbar,**

First, I extend my heartfelt blessings for good health, peace of mind, and prosperity to all the distinguished individuals present today, including the esteemed traditional physicians from various regions and states, relevant experts, and honored guests. My sincere greetings and best wishes go to those who are dedicated to preserving, promoting, and advancing Myanmar's rich cultural heritage and traditional medical practices.

The annual conferences and seminars, which have been held since 2000, are now in their 23rd year. This year's conference was organized with the following purposes: **"To recognize the quality of traditional medicine education," "To further develop traditional medicine and align its practices with modern systems," "To train and produce more qualified traditional medicine professionals," and "To respect and uphold the traditional cultural heritage of Myanmar's medical practices."** The purpose of holding these annual conferences and seminars is to promote the use of traditional medicine and remedies in supporting public health, in line with Myanmar's long-standing tradition of providing effective healthcare to its people with traditional medicines throughout history.

Today, we are working towards achieving a national goal set by the state: to establish a healthcare system that provides comprehensive coverage for all citizens, ensuring a long and healthy life for the entire nation. In advancing this process, human resources are crucial. It is only through the expertise of health professionals, specialists, and experts that we can build a more developed nation. We established the University of Traditional Medicine to foster the development and advancement of Myanmar's traditional medicine. Each year, the university produces skilled experts in traditional medicine and valuable human resources.

I would like to urge traditional medicine practitioners and entrepreneurs in the sector to collaborate in efforts to increase life expectancy and ensure that all individuals have access to a quality healthcare system. Myanmar's traditional medicine heritage, which includes remedies based on the Four Great Nayas Desana Naya, Besijja Naya, Vijjadhara Naya, and Nakhatta Naya along with literary records, traditional medical texts, sacred books, and medical manuscripts written over the centuries, hold immense value. Therefore, it is the responsibility of Myanmar's esteemed traditional physicians to preserve, pass on, and further develop both the tangible and intangible cultural heritage of Myanmar's traditional medicine.

It is noted that 13 papers will be presented at this year's seminar. Since these papers also describe the traditional medicines and therapies of ethnic minorities, it is important to highlight the need for encouraging the public to learn about and utilize these remedies, which are actively used by ethnic communities.

Furthermore, more research and documentation on traditional medicine is needed to ensure that the public can use authentic, high-quality, safe, and effective traditional medicines. To be able to document the research, annual symposiums are organized. This year, the 13th Traditional Medicine Research Symposium was held. Therefore, traditional medicine physicians, researchers, pharmacists, relevant experts, and manufacturers must all continue to study and make ongoing efforts to advance the field. I am pleased to see that the proceedings of the 22nd Seminar, held last year, have been compiled into a record book.

Our country is collaborating with international organizations across various sectors, including the traditional medicine sector. To advance traditional medicine in line with modern developments, we must send scholars abroad to acquire knowledge and share technologies, and then adapt and apply these innovations in a manner that is suitable for our country, ensuring further development of the field. I am pleased to note that on June 25, 2024, the Department of Traditional Medicine and the University of Traditional Medicine (Mandalay) signed a Memorandum of Understanding (MoU) with Yunnan University of Traditional Medicine, China, to implement guidelines for the further development of traditional medicine.

The state is providing strong support to the traditional medicine sector in order to enhance its role in healthcare. With the support of the state, traditional physicians continue to play a vital role in caring for the health of the people. Additionally, I am pleased to see that traditional medicine continues to provide care and support to the people, even in the face of natural disasters and epidemics.

In addition, as part of efforts to promote the MSME industry and strengthen the export sector, which are key pillars of the country's economic strategy, the government is supporting the long-term sustainability of Myanmar's traditional medicine products, which are based on traditional medicine raw materials. In terms of the production of Myanmar traditional medicines, if we can improve the quality and scale of production expanding beyond the domestic level to regional, national, and even international markets we will be able to contribute significantly to supporting the national economy.

According to Burmese traditional medicine, to lead a long and healthy life free from disease, one must live and eat in harmony with the four principles: karma, mind, weather, and nutrition. I am pleased to see that traditional medicine experts are providing medical treatment in rural areas and offering health education to the public, encouraging them to adopt healthy lifestyles and eating habits based on traditional medicine practices. I would like to

See Page - 18

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# (၂၅)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များအစည်းအဝေး(25th ASEAN Chiefs of Army Multilateral Meeting – 25th ACAMM)သို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၂**

ဖိလစ်ပိုင်နိုင်ငံ၌ကျင်းပပြုလုပ်သည့် (၂၅)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေး (25th ASEAN Chiefs of Army Multilateral Meeting – 25th ACAMM)သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကိုယ်စားတက်ရောက်ရန်အတွက် ဖိလစ်ပိုင်နိုင်ငံ Mabalacat မြို့သို့ရောက်ရှိနေသည့် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာလ ၂၁ ရက် နံနက်ပိုင်းတွင် Mabalacat မြို့ရှိ Hilton Clark Sun Valley Resort ၌ ကျင်းပပြုလုပ်သော (၂၅) ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များအစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးတွင် ဖိလစ်ပိုင်ကြည်းတပ်ဦးစီးချုပ် Lt. Gen Roy M Galido က အဖွင့်အမှာစကားပြောကြားခဲ့ပြီး အစည်းအဝေးတက်ရောက်လာသော အာဆီယံကြည်းတပ်ဦးစီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များက "Strengthening Partnership and Camaraderie Towards Regional Stability" ခေါင်းစဉ်နှင့်ပတ်သက်၍ အသီးသီးဆွေးနွေးခဲ့ကြကာ နေ့လယ်ပိုင်းတွင် အစည်းအဝေးပြီးဆုံးခဲ့သည်။ အစည်းအဝေးအပြီးတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် အာဆီယံကြည်းတပ်ဦးစီးချုပ်များနှင့်အတူ ပူးတွဲသတင်းစာရှင်းလင်းပွဲသို့တက်ရောက်ခဲ့သည်။



(၂၅)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များအစည်းအဝေး (25th ASEAN Chiefs of Army Multilateral Meeting – 25th ACAMM)တွင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး ဆွေးနွေးစဉ်။

ယင်းနောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် နေ့လယ်ပိုင်းတွင် ကမ္ဘောဒီးယားဘုရင့်တပ်မတော်၊ ဒုတိယကာကွယ်ရေးဦးစီးချုပ်နှင့် ကြည်းတပ်ဦးစီးချုပ်ဖြစ်သူ Gen Mao Sophan၊ ထိုင်းဘုရင့်တပ်မတော်၊ လက်ထောက်ကြည်းတပ်ဦးစီးချုပ် Gen. Wasu Chiemsuk၊ ဖိလစ်ပိုင်ကြည်းတပ်ဦးစီးချုပ် Lt. Gen Roy M Galido၊ လာအိုပြည်သူ့တပ်မတော်၊ စစ်ဦးစီးဌာန ဒုတိယအကြီးအကဲ Maj. Gen Phanseng Bounphan ၊ ဘရူနိုင်းဘုရင့်တပ်မတော်၊ ကြည်းတပ်ဦးစီးချုပ် Bri. Gen Haji Mohammad Shanonnizam bin Sulaiman တို့နှင့် သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုပိုမိုတိုးမြှင့်ဆောင်ရွက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံဆွေးနွေးပွဲများအပြီးတွင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များသည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

ညနေပိုင်းတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီးတို့သည် ဖိလစ်ပိုင်ကြည်းတပ်ဦးစီးချုပ် Lt. Gen Roy M Galido နှင့်ဇနီးတို့ တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာ စားပွဲအခမ်းအနားသို့ အာဆီယံကြည်းတပ်ဦးစီးချုပ်များနှင့်ဇနီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ တက်ရောက်ခဲ့ကြသည်။ ညစာသုံးဆောင်ပြီးချိန်တွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များသည် ဖိလစ်ပိုင်ကြည်းတပ်ဦးစီးချုပ်နှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

(၁၀၀)



(၂၅)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များအစည်းအဝေး (25th ASEAN Chiefs of Army Multilateral Meeting – 25th ACAMM)တွင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး ဆွေးနွေးစဉ်။

# အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၄၆/၂၀၂၄)မှ သင်တန်းသား၊ သင်တန်းသူများနှင့် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၂**

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် အခြေခံသံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းအမှတ်စဉ် (၄၆/၂၀၂၄) ရန်ကုန်တန်းခွဲနှင့် နေပြည်တော်တန်းခွဲရှိ သင်တန်းသား၊ သင်တန်းသူများတွေ့ဆုံပွဲကို ယနေ့နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၄၀ တို့ တက်ရောက်ကြသည်။






အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက သင်တန်းသား၊ သင်တန်းသူများကို ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဒုတိယဝန်ကြီး ဦးလွင်ဦးက သံတမန်ရေးရာ ဘာသာရပ်များကို ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှု သင်တန်းအမှတ်စဉ် (၄၆/၂၀၂၄) ရန်ကုန်နှင့် နေပြည်တော်တန်းခွဲတို့မှ သင်တန်းသား၊ သင်တန်းသူ ကိုယ်စားလှယ်များက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

ထို့နောက် အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၄၆/၂၀၂၄) ရန်ကုန်တန်းခွဲနှင့် နေပြည်တော်တန်းခွဲတို့မှ သင်တန်းသား၊ သင်တန်းသူများသည် နေပြည်တော်ရှိ အထင်ကရနေရာများဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဥပ္ပါတသန္တိစေတီတော်တို့အား သွားရောက်ဖူးမြော်ခြင်း၊ သူရဲကောင်းဗိမာန်သို့သွားရောက်၍ ကျဆုံးလေပြီးသော သူရဲကောင်းစစ်သည်တော်များအား အလေးပြုခြင်း၊ အမျိုးသားပြတိုက်နှင့် ငလိုက်ဆည်ဆင်စခန်းတို့သို့ သွားရောက်လေ့လာခဲ့ကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်လျက်ရှိရာ အစိုးရအဖွဲ့ အစည်းအသီးသီးနှင့် ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့် နိုင်ငံတကာရေးရာများကို စိတ်ပါဝင်စားသည့် ပြင်ပမှ ပုဂ္ဂိုလ်များအတွက် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းများကို နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် စဉ်ဆက်မပြတ်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

# (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကျင်းပ




**နေပြည်တော် နိုဝင်ဘာ ၂၂**

(၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ တွင် ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို ဆက်လက်ကျင်းပသည်။

အစီအစဉ်အရညီလာခံသဘာပတိအဖြစ် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းကဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ဒေါက်တာစုစုဒွေး ညွှန်ကြားရေးမှူးချုပ် တိုင်းရင်းဆေးပညာဦးစီးဌာန၊ ပါမောက္ခဒေါက်တာဦးမိတ် ဥက္ကဋ္ဌ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့၊ ဦးသိန်းဝင်း မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)တို့က ဆောင်ရွက်ကြသည်။

ဦးစွာ သဘာပတိက မြန်မာ့တိုင်းရင်းဆေးပညာအဘက်ဘက်က ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညီလာခံသို့တက်ရောက်လာကြသော ကိုယ်စားလှယ်တော်ကြီးများ၊ တိုင်းရင်းဆေးဆရာများနှင့် နီးနွှယ်ပညာရှင်များအနေဖြင့် မိမိတို့၏ပညာရပ်များကို မျိုးဆက်သစ်များအတွက် အထောက်အကူကောင်းတွေရရှိအောင် လက်တွဲညီညီ ပူးပေါင်းပါဝင်ဆွေးနွေးပေးကြရန်တိုက်တွန်းလိုကြောင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးမှ ညီလာခံကိုယ်စားလှယ် ဦးကြည်ဝင်းက အဆိုပြုချက်အမှတ်(၁)ဖြစ်သည့် "ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုအောက်တွင် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီမှ ဦးဆောင်၍ တိုင်းရင်းဆေးပညာသင်ကြားရေးဆိုင်ရာ အရည်အသွေးအသိအမှတ်ပြုနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်" အဆိုကိုတင်သွင်းရာ တနင်္သာရီတိုင်းဒေသကြီးမှ ညီလာခံကိုယ်စားလှယ် ဒေါ်ပွင့်ဖြူဖြူသော်က ထောက်ခံဆွေးနွေးသည်။

အဆိုပြုချက် အမှတ်(၂)ဖြစ်သည့် "တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းဆေးဝါးများခေတ်စနစ်နှင့်အညီ ထုတ်လုပ်နိုင်စေရေးအတွက် ဆွေးနွေးပွဲများ၊ မွမ်းမံသင်တန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်" အဆိုကို ကရင်ပြည်နယ်မှ ညီလာခံကိုယ်စားလှယ် ဒေါ်ဆုပိုမေကတင်သွင်းပြီး ကချင်ပြည်နယ်မှညီလာခံကိုယ်စားလှယ်ဒေါ်နန်းယမင်းသူက ထောက်ခံဆွေးနွေးကြကာ ညီလာခံနံနက်ပိုင်းအစီအစဉ်ကို ရပ်နားသည်။

မွန်းလွဲပိုင်းတွင် အစီအစဉ်များကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ဒုတိယဝန်ကြီးပါမောက္ခဒေါက်တာအေးထွန်းကဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ဒေါက်တာစုစုဒွေး ညွှန်ကြားရေးမှူးချုပ် တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဦးမြင့်ဦး ဥက္ကဋ္ဌ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့ဝင်များဖြစ်သော ဦးလှမြင့်နှင့်ပါမောက္ခ အောင်ကျော်မင်းတို့က ဆောင်ရွက်ပြီး အဆိုပြုချက် အမှတ်(၃) ဖြစ်သည့် "တိုင်းရင်းဆေးပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ ပိုမိုလေ့ကျင့်မွေးထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်ရန်" အဆိုကို ရန်ကုန်တိုင်းဒေသကြီးမှ ညီလာခံကိုယ်စားလှယ် ဒေါ်ခင်နေခြည်က တင်သွင်းပြီး တိုင်းရင်းဆေးတက္ကသိုလ်မှ ညီလာခံကိုယ်စားလှယ် ဒေါ်မို့မို့အောင်က ထောက်ခံဆွေးနွေးသည်။

အဆိုပြုချက် အမှတ်(၄)ဖြစ်သည့် "ကျောင်းကျန်းမာရေးလုပ်ငန်းများဆောင်ရွက်ရာတွင် တိုင်းရင်းဆေးပညာဖြင့် စောင့်ရှောက်မှုပေးရန်နှင့် မြန်မာ့တိုင်းရင်းဆေးပညာ ရိုးရာယဉ်ကျေးမှုအမွေအနှစ်ကို ကျောင်းသားလူငယ်အရွယ်မှစ၍ လေးစားတန်ဖိုးထားတတ်စေရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရန်" အဆိုကို မကွေးတိုင်းဒေသကြီးမှ ညီလာခံကိုယ်စားလှယ် ဦးငြိမ်းချမ်းစိုးက တင်သွင်းပြီး ပဲခူးတိုင်းဒေသကြီးမှညီလာခံကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်က ထောက်ခံဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲသို့ Video Message ဖြင့် ပေးပို့သော ဂုဏ်ပြုမိန့်ခွန်းနှင့် (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ညီလာခံအဖွင့်မိန့်ခွန်းပါ မိန့်ကြားချက်များအား မှတ်တမ်းတင်ပြီး လုပ်ငန်းလမ်းညွှန်များအဖြစ် ခံယူဆောင်ရွက်သွားရန် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံတွင်တင်သွင်းသည့် အဆိုပြုချက်များနှင့်ပတ်သက်၍ အစည်းအဝေး၏ဆန္ဒသဘောထားရယူပြီး အဆိုများအား အတည်ပြုမှတ်တမ်းတင်သည်။

ယမန်နေ့ကလည်း (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကိုကျင်းပရာ ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းတို့ တက်ရောက်အားပေးကြသည်။

နံနက်ပိုင်းနှီးနှောဖလှယ်ပွဲတွင် ဆေးဝါးတက္ကသိုလ်မှ ပါမောက္ခချုပ်(ငြိမ်း) ပါမောက္ခ ဒေါက်တာစန်းစန်းနွဲ့က သဘာပတိအဖြစ် ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာသိန်းဇော်လင်း၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့မှ ဦးစိုးဝင်းတို့က ဆောင်ရွက်သည်။

ဆက်လက်၍ တိုင်းရင်းဆေးပညာ ရိုးရာကုထုံးနည်းစနစ်နှင့် ဆေးဝါးဆိုင်ရာစာတမ်း ၁၃ စောင်ကိုဖတ်ကြားပြီး နှီးနှောဖလှယ်ပွဲတက်ရောက်လာကြသူများက စာတမ်းများနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးအကြံပြုကြကာ ပညာရပ်များနှီးနှောဖလှယ်ကြသည်။

စာတမ်းများအပေါ် သဘာပတိက ဆွေးနွေးသုံးသပ်ရာတွင် ယခုနှီးနှောဖလှယ်ပွဲသည် တိုင်းရင်းသားလူမျိုးအသီးသီး၏ ရိုးရာကုထုံးများကို ဖော်ထုတ်သောပွဲဖြစ်သည့်အတွက် လွန်စွာအရေးကြီးကြောင်း၊ ကုထုံးများနှင့်ပတ်သက်၍ မှတ်တမ်းတင်ထားရန်နှင့် တိမ်မြုပ်ပျောက်ကွယ်မသွားစေရန် နောင်လာနောက်သားများထံသို့ လက်ဆင့်ကမ်းအမွေပေးရမည်ဖြစ်ကြောင်း သုံးသပ်ဆွေးနွေးမှာကြားကြောင်း သိရသည်။ **(သတင်းစဉ်)**

## (၂၃) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ အခမ်းအနားတွင် တက်ရောက်လာကြသူများ၊ တာဝန်ရှိသူများနှင့် ဆုရရှိသူများ၏ ဝမ်းသာပီတိစကားသံများ

**နေပြည်တော် နိုဝင်ဘာ ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ MICC( 2)၌(၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ အဆိုပါအခမ်းအနားသို့ တက်ရောက်လာကြသူများ၊ တာဝန်ရှိသူများနှင့်ဆုရရှိသူများ၏ စကားသံများကို ဖော်ပြလိုက်ရပါသည် -

**ဦးသိန်းဝင်း(မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းဗဟိုဥက္ကဋ္ဌ)**



ကျွန်တော်က ပုသိမ်မြို့မှာ အဝေရာဆေးဝါးကိုယ်ပိုင်တိုင်းရင်းဆေးထုတ်လုပ်တာဖြစ်ပါတယ်၊ နိုင်ငံတော်အစိုးရက အခုလိုတိုင်းရင်းဆေးညီလာခံကိုကျင်းပပေးတာကောင်းပါတယ်။ အခမ်းအနားမှာ မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းဆေးဆရာ ညီအစ်ကိုမောင်နှမတွေကို တစုတစည်းတည်း ပြန်တွေ့ရပါတယ်။ ရင်းရင်းနှီးနှီးအတွေ့အကြုံတွေဖလှယ်ဖြစ်ကြပါတယ်။ ထို့အတူပဲ ရှေ့ဆက်မယ့် တိုင်းရင်းဆေးတိုးတက်ဖို့လုပ်ငန်းတွေကိုညီညီညွတ်ညွတ်နဲ့ ဆုံးဖြတ်ချက်ချ အကောင်အထည်ဖော်နိုင်ကြပါတယ်။ မြန်မာနိုင်ငံမှာဆိုရင်လည်း ကိုယ့်နိုင်ငံရဲ့တိုင်းရင်းဆေးတွေကို အများအပြားသုံးစွဲလာကြတာကိုလည်းတွေ့ရပါတယ်။ တကယ်လည်း ပြည်သူတွေအားကိုးရတဲ့ ဆေးပညာတစ်ရပ်လည်းဖြစ်တဲ့အတွက်ဝမ်းသာဂုဏ်ယူမိပါတယ်။ ရှေးအဆက်ဆက်က အသုံးပြုလာခဲ့ကြတဲ့ တိုင်းရင်းဆေးတွေကို အဆင့်မြှင့်ဖို့ရာ ခေတ်ခွဲခန်းထဲမှာ အဆင့်ဆင့်စမ်းသပ်ဖို့လည်းရှိပါတယ်။ အနောက်တိုင်းဆေးဝါးလိုပဲ မြန်မာ့တိုင်းရင်းဆေးတွေကလည်း တဖြည်းဖြည်းနဲ့ အရည်အသွေးမြင့်လာကြပါပြီ။ ကျွန်တော်တို့ကလည်း ကမ္ဘာ့ဆေးဝါးတွေလို အရည်အသွေးအဆင့်မီအောင် ကြိုးစားဆောင်ရွက်နေကြပြီဖြစ်တယ်လို့ပြောချင်ပါတယ်။

**ဦးအောင်စိုးမင်း(ပဲခူးတိုင်းရင်းဆေးရုံအုပ်)**

ကျွန်တော်က (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ



နှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို ပဲခူးတိုင်းရင်းဆေးရုံကနေလာပြီး တက်ရောက်ခြင်းဖြစ်ပါတယ်။ အခမ်းအနားမှာ တိုင်းရင်းဆေးရုံတွေကို ဘက်စုံထူးချွန်ဆုပေးခဲ့ပါတယ်။ တိုင်းရင်းဆေးရုံဘက်စုံစွမ်းဆောင်ရည်ဆုကို ပဲခူးတိုင်းရင်းဆေးရုံအတွက် ပထမဆုကိုရရှိခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ ၂၀၂၄-၂၀၂၅ ခုနှစ် ဘတ်ဂျက်မှာဆိုရင်လည်း အတွင်းလူနာ ၂၅၀ ဦး၊ ပြင်ပလူနာ ၈၅၅၉ ဦး၊ ကွင်းဆင်းလူနာ ၉၈၉ ဦး စုစုပေါင်း ပြည်သူလူထု ၁၀၀၀၀ ခန့် တိုင်းရင်းဆေးနဲ့ စောင့်ရှောက်မှုပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ဒီဆုကိုရရှိတယ်လို့ထင်ပါတယ်။ ကျွန်တော်ဒီဆုကိုရရှိတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ ဒီပွဲမှာ ဆေးပညာများကိုလည်း အချင်းချင်းနှီးနှောဖလှယ်ခွင့်ရတယ်။ ဆေးပညာကို ရှေ့မှာတိုးတက်ရာတိုးတက်ကြောင်း၊ အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုမှာ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပိုမိုစောင့်ရှောက်နိုင်ဖို့ တွေ့ဆုံဆွေးနွေးရတာဖြစ်လို့ အလွန်အင်မတန်ကို ဝမ်းသာဂုဏ်ယူပီတိဖြစ်မိပါတယ်။

**ဒေါ်ဇာနည်စိုး (ဒုတိယဆေးရုံအုပ်၊ ၁၆-ခုတင် ပုသိမ်တိုင်းရင်းဆေးရုံ)**

ကျွန်မက ပထမဆုကိုရရှိခဲ့တာဖြစ်ပါတယ်။ ကိုယ့်ရဲ့တိုင်းရင်းဆေးအပေါ် အားကိုးယုံကြည်ပြီး လာရောက်ကုသတဲ့ လူနာတွေကို ခံစားရတဲ့ ဝေဒနာပျောက်ကင်းအောင်၊ ရောဂါသက်သာအောင် စေတနာထားပြီး ကုသပေးတဲ့အတွက်ကြောင့် ဒီဆုကိုရရှိတယ်လို့ထင်ပါတယ်။



တိုင်းရင်းဆေးညီလာခံကြီးကို နိုင်ငံတော်အစိုးရက ကျင်းပပေးတဲ့အတွက် ကျွန်မအနေနဲ့ အတွေ့အကြုံကောင်းတွေရရှိပါတယ်။ တိုင်းရင်းဆေးပညာတွေကိုလည်း လက်ဆင့်ကမ်းဖော်ထုတ်နိုင်တဲ့အတွက် ကောင်းပါတယ်။ ဆေးပညာရပ်တွေမှာလည်း တစ်ယောက်နဲ့တစ်ယောက် အသိအမြင်ဗဟုသုတတွေကို ဖလှယ်ကြတဲ့အတွက် ပိုမိုတိုးတက်လာတယ်လို့မြင်မိပါတယ်။

**လွဲရည်လှိုင်**

# ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အသစ် Mr. Michael John Dunford ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၂၂

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အသစ် Mr. Michael John Dunford ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် WFP က မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ မြန်မာနိုင်ငံနှင့် WFP အကြား ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ WFP ရုံးမှ ကိုယ်စားလှယ်တို့တက်ရောက်ခဲ့ကြကြောင်းသိရသည်။ (သတင်းစဉ်)

# နေပြည်တော်ရှိ မျှစ်ခြောက်ထုတ်လုပ်တင်ပို့မှု လုပ်ငန်းဆောင်ရွက်နေမှုကို ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ကွင်းဆင်းကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၂၂

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဒက္ခိဏာစက်မှုဇုန်ရှိ နရိန္ဒြာစိုက်ပျိုးရေးထွက်ကုန် တန်ဖိုးမြှင့်ထုတ်လုပ်ရေးလုပ်ငန်း၏ မျှစ်ခြောက်ထုတ်လုပ်တင်ပို့မှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းတာဝန်ခံက မျှစ်ခြောက်ထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ကုန်ကြမ်းရရှိမှုအခြေအနေ၊ မျှစ်ခြောက်ထွက်ကုန်များအား ဂျပန်နိုင်ငံသို့နှစ်စဉ်တင်ပို့နေမှုအခြေအနေ၊ ဝါးစိုက်ခင်းတည်ထောင်ထားမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်က အထူးအလေးပေးဆောင်ရွက်လျက်ရှိကြောင်း၊ ယခုမျှစ်ခြောက်ထုတ်လုပ်မှုလုပ်ငန်းအတွက် လိုအပ်သောကုန်ကြမ်းများ စဉ်ဆက်မပြတ်ရရှိရေး ဝါးစိုက်ခင်းများတည်ထောင်ခြင်းနှင့် လိုအပ်သောဝါးစိုက်ပျိုးရေးနည်းစနစ်များ ပံ့ပိုးရေးကိစ္စရပ်များနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းပြောကြားပြီး မျှစ်ခြောက်ထုတ်လုပ်နေမှုလုပ်ငန်းစဉ်အဆင့်ဆင့်အား လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ (သတင်းစဉ်)

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများနှင့် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၂

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့်အဖွဲ့သည် ကူမင်းမြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ် ဦးသွင်ထက်လင်းနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဌာန ဒုတိယဝန်ကြီး Mr. Xu Ganlu နှင့်အဖွဲ့ကို ယမန်နေ့နံနက်ပိုင်းက ယူနန်ပြည်နယ် ကူမင်းမြို့ရှိ Double Tree Hilton ဟိုတယ် Shang Shui Ballroom အစည်းအဝေးခန်းမ၌တွေ့ဆုံသည်။



တွေ့ဆုံစဉ်မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆောင်ရွက်နေမှု၊ နှစ်နိုင်ငံနယ်စပ်ဝင်/ထွက်ဂိတ်တချို့ကို လုံခြုံရေးအရ စိစစ်ခွင့်ပြုပေးလျက်ရှိပြီး လက်နက်ကိုင်အဖွဲ့အစည်းများထိန်းချုပ်ထားရာ နယ်စပ်ဂိတ်များကို လုံခြုံရေးအထူးတင်းကြပ်ထားမှု၊ မြန်မာနိုင်ငံနှင့်နယ်နိမိတ်ထိစပ်နေသည့် အခြားသောနိုင်ငံများ၏နယ်စပ်ဂိတ်များ ဝင်/ထွက်သွားလာမှုကို စနစ်တကျစစ်ဆေးကြပ်မတ်ရေး၊ မြန်မာနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းအတွက် နည်းပညာနှင့်ဘာသာရပ်ကျွမ်းကျင်မှုဆိုင်ရာ လိုအပ်သည့်ပံ့ပိုးကူညီမှုများ ပေးနိုင်ရေး၊ နှစ်နိုင်ငံနယ်စပ် ပြည်ဝင်/ပြည်ထွက် လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများအတွက် လိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ တရုတ်နိုင်ငံမှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စီမံကိန်းများအောင်မြင်ရေးထောက်ခံရပ်တည်ဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံနယ်စပ်ဂိတ်များ ပုံမှန်ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ရိုးရင်းစွဲ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုအရ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးကို အတူလက်တွဲပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို အပြန်အလှန်အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ကို ဒုတိယဝန်ကြီး Mr. Xu Ganlu က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့်အဖွဲ့သည် တရုတ်နိုင်ငံ ကူမင်းမြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

# ပဉ္စမအကြိမ် အမျိုးသားအားကစား ပွဲတော်ဖွင့်ပွဲအခမ်းအနားအစီအစဉ်တွင် ဖျော်ဖြေတင်ဆက်မည့် အကအဖွဲ့များ ဇာတ်တိုက်လေ့ကျင့်

ရန်ကုန် နိုဝင်ဘာ ၂၂

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ဒီဇင်ဘာလ ၉ ရက် မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ရာ ဖွင့်ပွဲအခမ်းအနားအစီအစဉ်တွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဖျော်ဖြေတင်ဆက်မည့် "ခေတ် ၆ ခေတ်" ယိမ်းအကအစီအစဉ်၌ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ တာဝန်ယူဆောင်ရွက်မည့် ကုန်းဘောင်ခေတ်နှင့် အင်းဝခေတ်အကများကို မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ခမ်းနားလှပစွာတင်ဆက်ဖျော်ဖြေနိုင်ရေးအတွက် သဘင်ပညာဌာနမှ ဆရာမများကြီးကြပ်၍ ကျောင်းသူဦးရေ ၁၀၀နှင့် လေ့ကျင့်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ (သတင်းစဉ်)



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# လက်ရက်ကန်းဒီဇိုင်းတီထွင်ဆန်းသစ်မှုနည်းပညာသင်တန်းဖွင့်ပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက်



နေပြည်တော်　နိုဝင်ဘာ ၂၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ နေပြည်တော်ကောင်စီနယ်မြေအတွင်း ချည်ထည်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာအုပ်စု၌ ဝင်ငွေတိုးစီမံကိန်းဖြင့် လက်ရက်ကန်းဒီဇိုင်းတီထွင်ဆန်းသစ်မှုနည်းပညာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်အောင်မြင်ကျေးရွာအုပ်စု ပေါက်တောကျေးရွာ အုန်းတောပရိယတ္တိစာသင်တိုက်ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာမှ ရပ်မိရပ်ဖများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားကာ သင်တန်းကော်မတီဝင်များကို ဝတ်စုံများထောက်ပံ့ပေးအပ်ပြီး သင်တန်းတွင် လက်တွေ့သင်ကြားမည့်ရက်ကန်းစင်များ၊ သင်တန်းအထောက်အကူပြုပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် လယ်ဝေးမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် အငြိမ်းစားလစာ လာရောက်ထုတ်ယူကြသည့် အငြိမ်းစားဝန်ထမ်းများကို လယ်ဝေးမြို့နယ် ခုတင်-၁၀၀ ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်များက ကျန်းမာရေး အခမဲ့စောင့်ရှောက်ပေးနေမှုနှင့် အငြိမ်းစားလစာ ထုတ်ပေးနေမှုအခြေအနေများကိုကြည့်ရှုအားပေးပြီး နေပြည်တော်ကောင်စီမှထောက်ပံ့သည့် ဆန်နှင့်ကြက်ဥများကို အငြိမ်းစားဝန်ထမ်းတစ်ဦးချင်းစီ ထောက်ပံ့ပေးအပ်ကာ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ စားအုန်းဆီများ သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် လယ်ဝေးမြို့နယ်အတွင်းရှိ ဆင်အုံကန်တွင် ဒက္ခိဏသီရိမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် စက်တပ်ရေယာဉ်မောင်းသင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက သင်တန်းသားများအား နေပြည်တော် သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့မှထောက်ပံ့သည့် ဆန်အိတ်များကို ပေးအပ်ပြီး ဆင်အုံကန်အတွင်း စက်တပ်ရေယာဉ်စမ်းသပ်မောင်းနှင်ခြင်း သရုပ်ပြသမှုနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ရေပြင်အသက်ကယ်လုပ်ငန်းသုံးပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဒက္ခိဏသီရိမြို့နယ် Park Royal Hotel နှင့် Horizon Lake View Resort တို့တွင် ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးသုံးစွဲနေမှုအခြေအနေများ၊ ပျဉ်းမနားမြို့နယ် မယ်ဇလီကုန်းကျေးရွာအုပ်စု မယ်ဇလီကုန်းကျေးရွာကွင်းအမှတ် (၁၆၆၉) တွင် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်သည့် စိုက်ပျိုးရေရရှိရေးအတွက် ပေ ၂၀၀ စက်ရေတွင်းဆိုလာရေတင်စနစ်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နေပြည်တော်ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအနီးရှိ တပေါင်းကွင်းအတွင်း သန့်ရှင်းသာယာလှပရေး၊ နေပြည်တော်မြို့မဈေးအနီး သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်မည့်အခြေအနေများနှင့်စပ်လျဉ်း၍ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် နေပြည်တော် ကိုယ်စားပြုအားကစားအသင်းများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သိရသည်။　**(သတင်းစဉ်)**

# လဲချားမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တွေ့ဆုံ




အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။


နေပြည်တော် နိုဝင်ဘာ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လဲချားမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့်အဖွဲ့ဝင်များက နယ်မြေခံတပ်ရင်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏တင်ပြချက်များကို လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)




## သဇင် (FM) အသံလွှင့်အစီအစဉ်

၂၃-၁၁-၂၀၂၄(စနေနေ့)

| | | | |
|---|---|---|---|
| ၁။ ၀၈:၀၀ | ယဉ်ကျေးလိမ္မာဖို့နားဆင်စို့ | ၄။ ၁၄:၅၀ | Business Tips |
| ၂။ ၀၈:၂၀ | Morning Songs | ၅။ ၁၆:၀၀ | Holiday Vibes |
| ၃။ ၁၁:၅၀ | စိုက်မွေးသုတ | ၆။ ၂၁:၄၀ | ဇာတ်လမ်းအသွင်တေးသံစဉ် |

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော်　နိုဝင်ဘာ ၂၂

တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

ကြွက်သားအားကောင်းစေရန် လမ်းများများလျှောက်ပေးပါ။

# ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့သည့် ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

နေပြည်တော် နိုဝင်ဘာ ၂၂

ရာဂိမုန်တိုင်းဒဏ်ကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း သဘာဝဘေးဖြစ်ပွားခဲ့ပြီး ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့သော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့်တာဝန်ရှိသူများ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီထောက်ပံ့ဆောင်ရွက်ခဲ့သည့် မှတ်တမ်းဗီဒီယိုကိုပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီးအကဲက ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ၂၀၂၅ ခုနှစ် မတ်လကုန်အပြီးဆောင်ရွက်ရန် လမ်းညွှန်မှာကြားထားသဖြင့် ဦးစီးဌာနများအနေဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့သော ဦးစီးဌာနအလိုက် ဝန်ထမ်းများ၊ သောက်သုံးရေရရှိရေးဆောင်ရွက်ပေးခဲ့သည့် ရေပေးရေးအဖွဲ့ဝန်ထမ်းများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူခဲ့ကြပြီး ဝန်ထမ်းများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာ အတူတကွစားသုံးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် တလုပ်ပင်ကျေးရွာရှိ ကြံတိုင်းအောင် သမဝါယမအသင်းပိုင်မြေ ၉၇ ဒသမ ၆၅ ဧကပေါ်၌ ဒို့မြန်မာသမဝါယမအသင်းနှင့် ကြံတိုင်းအောင်သမဝါယမတို့အကျိုးတူပူးပေါင်းဆောင်ရွက်သည့်နွားမွေးမြူရေးလုပ်ငန်းသို့သွားရောက်၍ နွားမွေးမြူရာတွင် ခြံလှောင်စနစ်၊ လွှတ်ကျောင်းစနစ်တို့ဖြင့် ဆောင်ရွက်မည့်အခြေအနေ၊ နွားစာ ဟင်းနုနယ်ရွက်ပင်စိုက်ပျိုးဆောင်ရွက်မည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။




ဆက်လက်၍ နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ စိမ်းလဲ့မြေအထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းမှ ဆောင်ရွက်လျက်ရှိသော မျှစ်ခြောက်ကုန်ထုတ်လုပ်မှုစက်ရုံသို့သွားရောက်ကြည့်ရှုပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၅၀၀)

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့ပူးပေါင်း၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၂၂

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီမြို့တော်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးလင်းနှင့် တာဝန်ရှိသူများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင် ဦးခွန်နေထွန်းဦးနှင့် တာဝန်ရှိသူများ၊ အရာထမ်း/အမှုထမ်းများနှင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(CPU) အဖွဲ့ဝင်များတက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်စည်ပင်သာယာရေးကော်မတီဒုတိယဥက္ကဋ္ဌဒုတိယမြို့တော်ဝန်က နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ အရာထမ်း၊ အမှုထမ်းများအနေဖြင့်လည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ကြပြီး မိမိကစ၍ အဂတိလိုက်စားမှုကို လုံးဝလက်မခံသည့် အလေ့အကျင့်ဖြစ်ထွန်းစေရန် ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်က ကော်မရှင်အနေဖြင့် သန့်ရှင်းသော အစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်မှုစနစ် ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးချုပ်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ စုံစမ်းစစ်ဆေးရေးကဏ္ဍများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ညွှန်ကြားရေးမှူးက အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင်ဦးဆောင်၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(Corruption Prevention Unit – CPU) များနှင့် တွေ့ဆုံကာ တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ (၅၀၀)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၂၂

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့်ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။


ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာလ ၂၂ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "@aungmin htet7" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ အမှတ်(၇)ရပ်ကွက်နေ အောင်မိုးဦး(ခ)အောင်မင်းထက်(၂၂) နှစ်အား နံနက် ၁ နာရီ ၂၀ မိနစ်တွင် ပဲခူးမြို့နယ်၊ အမှတ်(၃) နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ရေဦးမြို့နယ်နှင့်တန့်ဆည်မြို့နယ်ရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီး၍ နေအိမ် ၁၇၀ ဝန်းကျင် ပျက်စီးဆုံးရှုံးသွားကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းအမှားများရေးသားဖြန့်ဝေ

နေပြည်တော် နိုဝင်ဘာ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်နှင့်တန့်ဆည်မြို့နယ်ရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက နိုဝင်ဘာလ ၁၆ ရက်မှ ၁၉ ရက်အတွင်း မီးရှို့ဖျက်ဆီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းအတုသတင်းအမှားများရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍နယ်မြေခံလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အဆိုပါရက်များတွင် ၎င်းကျေးရွာအနီး၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သောနယ်မြေလုံခြုံရေးလုပ်ငန်းများအား ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်မှုရှိခဲ့သော်လည်း ကျေးရွာများအား မီးရှို့ဖျက်ဆီးမှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကိုအသက်ပေးကာကွယ်စောင့်ရှောက်လျက်ရှိကြောင်း၊ အကြမ်းဖက်သမားများကသာ




ကျေးရွာများအတွင်း တရားမဝင်ခိုအောင်းနေထိုင်လျက်ရှိပြီး နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား စေတီပုထိုးများ၊ စာသင်ကျောင်းများ၊ နေအိမ်များ အကာအကွယ်ရယူ၍ နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိစေရန် ချောင်းမြောင်းပစ်ခတ်ခြင်း၊ အလစ်အငိုက်တိုက်ခိုက်ခြင်းများလုပ်ဆောင်လျက်ရှိသည့်အပြင် ၎င်းတို့အား ထောက်ခံအားပေးမှုမရှိသည့် ရပ်ကွက်/ကျေးရွာများအား ခေါင်းစဉ်အမျိုးမျိုးတပ်၍ မီးရှို့ဖျက်ဆီးခြင်း၊ ဒေသခံပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်းများလုပ်ဆောင်လျက်ရှိသည်မှာ ပြည်သူများအသိပင်ဖြစ်ကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များအား ဖုံးကွယ်ရန်နှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင်လွဲမှားစေရန်ရည်ရွယ်၍ မဟုတ်မမှန်သတင်းများအား လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရှိရသည်။ (၁၀၀)

# မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အခမ်းအနား အထိမ်းအမှတ် ဒုတိယနေ့အစီအစဉ်များကို ဆက်လက်ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၂

မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အခမ်းအနား အထိမ်းအမှတ် ဒုတိယနေ့အစီအစဉ်များကို ယနေ့တွင် Naypyitaw State Polytechnic University ၌ ဆက်လက်ကျင်းပသည်။



မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်တွင် Forum Parallel Session များကို ခေါင်းစဉ်ငါးခုဖြင့် ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံဗိသုကာကောင်စီတို့မှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အဆင့်မြင့် သိပ္ပံနှင့်နည်းပညာဦးစီးဌာနမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများက Chairနှင့် Co-chair များအဖြစ် တာဝန်ယူဆောင်ရွက်ကြသည်။

နံနက်ပိုင်းတွင် မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ စုဝေးခန်းမ၌ ကျင်းပသည့် Engineering Battel ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲတွင် နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များမှ ကျောင်းသား၊ ကျောင်းသူများပါဝင်သော အသင်းကိုးသင်းတို့က သက်ဆိုင်ရာဘာသာရပ်များကို Performance များဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဥဏ်စမ်းပဟေဠိအစီအစဉ်ကို ကြည့်ရှုအားပေးပြီး ဆုရရှိသည့်အသင်းအားဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် Talkshow များကို ဘာသာရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားခြင်း၊ နည်းပညာလွှဲပြောင်းခြင်းဆိုင်ရာလုပ်ငန်းစဉ်၊ Satellites Technology Development and Their Applications၊ From Reality to Virtual Worlds: AR, VR, XR and The Metaverse in Engineering နှင့် သုတေသနရလဒ်များကို မူပိုင်ခွင့်ပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ ဘာသာရပ်ဆိုင်ရာအလိုက် ပညာရှင်လေးဦးက ရှင်းလင်းဆွေးနွေးပြောကြားခြင်း၊ ပြည်တွင်း၊ ပြည်ပတို့တွင် ကျင်းပခဲ့သည့် ပြိုင်ပွဲများတွင် ဆုရရှိခဲ့သူ ကျောင်းသား၊ ကျောင်းသူလေးဦးတို့က အတွေ့အကြုံများကို မျှဝေပြောကြားခြင်း စသည်ဖြင့် စကားဝိုင်းဆွေးနွေးပွဲပုံစံဖြင့်လည်းကောင်း၊ Hackathon ပြိုင်ပွဲ၊ e-sport ပြိုင်ပွဲများကိုလည်းကောင်း တစ်ပြိုင်တည်းကျင်းပခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

---

**MEDEVO STAR COMPANY LIMITED**
**မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)**
**အစုရှယ်ယာရှင်များ ဆန္ဒအလျောက် ကုမ္ပဏီအား**
**စာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း**

၁။ "MEDEVO STAR COMPANY LIMITED" ကို အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန် (၂၀-၁၁-၂၀၂၄)နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်(၂၉၅)၊ ပထမထပ်၊ အနော်ရထာလမ်းနှင့် လမ်းမတော်(၅)လမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ(၂၁၀)လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ B.Com(AA), CPA(210) နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးဇင်ဝေ | ဒေါ်နူနူရီ |
| B.Com (AA), CPA(210) | မန်နေးဂျင်းဒါရိုက်တာ |
| စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ | MEDEVO STAR COMPANY LIMITED |

**ပျောက်ဆုံးကြောင်း**
ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ မြို့သစ်ကမ်းနားလမ်းနေ မောင်ထွန်းလင်းဦး(ဘ)ဦးအေးသောင် ၁၄/ပတန(နိုင်)၁၂၃၇၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၈၆၆၆၄၄၆

**ပျောက်ဆုံးကြောင်း**
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်ရတနာ(၁)လမ်းနေ ဝေယံထွဏ်း(ဘ)ဦးဝင်းလှိုင် ၁၂/ကမတ(နိုင်)၀၅၉၅၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၅၇၈၀၁၉၅

**ပျောက်ဆုံးကြောင်း**
မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်နေ ဦးဂွမ်ရိန်ဂျုံခွမ်(ဘ)ဦးဂွမ်ရိန်ဒီး ၁/ပတအ(နိုင်)၀၁၈၇၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 658765)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၀၀၀၄၉၂၅

**ပျောက်ဆုံးကြောင်း**
ပဲခူးမြို့၊(၁)ရပ်ကွက်၊ ဥသာမြို့သစ်၊ နန်းဦးလမ်းသွယ်နေ ငွေသဇင်(ဘ) ဦးကိုကို ၁၂/ခရန(နိုင်)၁၆၂၃၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၂၉၆၂၈၇၃

**ပျောက်ဆုံးကြောင်း**
စောအောင်ငွေးဝင်း(ဘ)ဦးမောင်သဲစိန် ၃/ကဆက(နိုင်)၀၉၀၅၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 172626)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ဒေါ်အေးမမ(ဘ)ဦးထွန်းသောင်း ၁၂/ရပသ(နိုင်)၀၅၂၀၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ဦးရှိုင်းအောင်(ဘ)ဦးတင်စိုး ၈/တတက(နိုင်)၂၀၂၈၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ပြည့်ဖြိုးဝေ(ဘ)ဦးအောင်ဆန်း ၁၄/လပတ(နိုင်)၂၀၁၀၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
စိုးသီတာ(ဘ)ဦးလှသောင်း ၁၂/သဃက(နိုင်)၁၅၄၁၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 156393)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၂၇၈၈၇၇

**ပျောက်ဆုံးကြောင်း**
ထက်ထက်ဝေ(ဘ)ဦးဝင်းထွန်း ၁၂/ကမန(နိုင်)၁၂၁၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 626190)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၉၁၇၁၉၂၀

**အမည်ပြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ အ.ထ.က(အင်းတိုင်) Grade-10 တွင် ပညာသင်ကြားနေသော အဘ ဦးဇော်မင်းသန်း ၁၄/ငပတ(နိုင်)၁၅၃၁၁၆ ၏သား မောင်စွမ်းဝေယံအား မောင်စွမ်းမင်းဇော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ မောင်စွမ်းမင်းဇော်

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ကျိုင်းတုံမြို့၊ အ.ထ.က(၄)မှ အထက်တန်းပြ ဒေါ်အေးအေးနွယ်၁၃/ကတန(နိုင်)၀၀၀၁၂၄ ၏ ဖခင်ဦးမောင်ခင်နှင့် ဦးခင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးမောင်ခင်(ခ)ဦးခင်

**ပျောက်ဆုံးကြောင်း**
မောင်ကျော်ရဲအောင်(ဘ)ဦးမောင်ဆန်း ၉/တကန(နိုင်)၂၀၃၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 744125)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၆၉၆၉၁၃

**တစ်ဦးတည်းဖြစ်ပါကြောင်း**
သန်လျင်မြို့နယ်နေ၊ အ.ထ.က(၂) သော်ကကျောင်း၊ Grade-5 မှ (ဘ) ဦးဝင်းထိုက် ၁၂/သလန(နိုင်) ၁၁၁၉၆၈ ၏သမီး မခူးအိန္ဒြနီခ(ခ)မဂျူးဂျူးရတီမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ မခူးအိန္ဒြနီခ(ခ)မဂျူးဂျူးရတီ




**မွေးသက္ကရာဇ်အမှန်**
ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်တွင် နေထိုင်သော (ဘ)ဦးစောလှိုင်၏သမီး ဒေါ်ကေသီလှိုင် ၁၃/တကန(နိုင်)၀၀၂၈၀၅ ၏ မွေးသက္ကရာဇ်အမှန်မှာ (၁၈-၈-၁၉၇၁) ဖြစ်ပါကြောင်း။ (၁၈-၈-၁၉၇၁)

**ပျောက်ဆုံးကြောင်း**
မင်းရဲမင်းထွန်း(ဘ)ဦးလှေး ၃/ကကရ(နိုင်)၁၆၉၁၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 634036)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ဦးသန်းဇော်ဦး(ဘ)ဦးအောင်မြင့် ၁၂/စခန(နိုင်)၀၁၉၅၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(771128)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၉၈၇၃၄၈၉

**ပျောက်ဆုံးကြောင်း**
ဆန်းထွန်းဝင်း(ဘ)မြင့်အောင် ၁၄/မအန(နိုင်)၁၈၇၅၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 822752)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၃၃၇၇၉၈၉

**ပျောက်ဆုံးကြောင်း**
ကြူမာသင်း(ဘ)ဦးကျော် ၅/ခဥန(နိုင်)၀၇၄၈၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 439691)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၁၃၆၄၁၃၁

**ပျောက်ဆုံးကြောင်း**
အောင်ဇော်လင်း(ဘ)ဦးပုချီး ၁၁/မအန(နိုင်)၀၃၂၆၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
လားရမ်ဆားငီး(ဘ)ဦးရှိန်းထန်းငါ ၅/ခပန(နိုင်)၀၀၇၀၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**အမည်ပြောင်း**
အ.မ.က(၇)စက်တော်ရာ၊ ပုသိမ်၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ Grade-5 မှ ဦးသိန်းဦး ၁၄/ငပတ(နိုင်)၁၄၀၁၅၁ ၏သား မောင်ကျော်ဇေယျာဟိန်းအား မောင်ဟိန်းဇေယျာဟု ပြောင်းလဲခေါ်ဆိုပါရန်။ မောင်ဟိန်းဇေယျာ

**ပျောက်ဆုံးကြောင်း**
ဟန်လင်းထက်(ဘ)ဦးနန်းရန်အောင် ၁၂/ဒဂရ(နိုင်)၀၁၄၆၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
သဇင်ဦး(ဘ)ဦးမြင့်ဦး ၆/ထဝန(နိုင်)၁၀၀၈၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
သီတာအောင်(ဘ)ဦးလှအောင် ၁၂/တမန(နိုင်)၀၉၄၅၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(300982)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၀၂၇၈၉၆

**ပျောက်ဆုံးကြောင်း**
ကြယ်စင်လင်း(ဘ)ဦးဇော်ဇော်လင်း ၁၂/အလန(နိုင်)၀၅၄၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 837906)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၆၈၃၈၅၇၅

**ပျောက်ဆုံးကြောင်း**
ကောင်းမြတ်ဇော်(ဘ)ဦးအောင်ငွေးဝင်း ၇/အဖန(နိုင်)၁၃၃၆၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 394796)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၅၇၂၆၃၅၅

**ပျောက်ဆုံးကြောင်း**
အောင်နိုင်ဝင်း(ဘ)ဦးမာမောက်ဟာယာ ၁၂/မဂတ(နိုင်)၀၈၀၆၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 358809)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၁၀၈၉၅၆၃

**ပျောက်ဆုံးကြောင်း**
အေးချယ်ရီထွန်း(ဘ)ဦးရဲမြင့်အောင် ၁၂/သလန(နိုင်)၁၆၄၃၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 926943)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၆၁၂၈၇၃

**ပျောက်ဆုံးကြောင်း**
လှအေး(ဘ)ဦးကျော်စိန်(ခ)မာမက်ကာဆိမ် ၁၂/မဂတ(နိုင်)၁၂၄၂၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၂၃၄၄၇၆၇

**ပျောက်ဆုံးကြောင်း**
နှင်းရည်ပွင့်(ဘ)ဦးအောင်အောင် ၁၂/မဘန(နိုင်)၁၉၃၇၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 454618)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ရဲမင်းအောင်(ဘ)ကျော်စိုးသွင် ၁၂/ဒဂန(နိုင်)၀၃၇၇၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 822708)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁


မန္တလာသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန်-နေပြည်တော်-တောင်ကြီး-မုံရွာ-မန္တလေး-ပြင်ဦးလွင်-ကျောက်ပန်းတောင်း-ချောက်-ဆိပ်ဖြူ-ပုဂံ(ညောင်ဦး)-ပခုက္ကူ
မကွေး-မိတ္ထီလာ-မြင်းခြံ-ပုသိမ်-မော်လမြိုင်-သံဖြူဇရပ်-ကျိုက္ကမီ-တောင်ငူ-ဆွာ-ရေနီ-ပဲခူး-ညောင်လေးပင်-ဘားအံ-မြဝတီ
➢ပါရမီ(YBS)
09-459448201
➢ရွှေမန်းသူ
09-254781060
➢ မန္တလေးအခြေစိုက်
09-426500153
➢တော်ဝင်
09-423333250
➢ ပါရမီတက္ကစီ
01-3643641
➢ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။


မြဝတီစက်သုံးဆီဖြန့်ဖြူးရောင်းချရေးလုပ်ငန်း
MYAWADDY
အရည်အသွေးမှန်၊အရေအတွက်မှန်၊ ကောင်းမွန်သော
ဝန်ဆောင်မှုတို့ဖြင့်
ရန်ကုန်၊ကျောက်တံခါး၊ပဲနွယ်ကုန်း၊ဖြူး၊နေပြည်တော်၊
သာစည်၊ကျောက်ဆည်၊မန္တလေး၊ကျောက်မဲ၊ပြင်ဦးလွင်၊
ပခုက္ကူ၊အောင်လံ၊ပြည်၊ဝါဇီတို့တွင်လွတ်လပ်စွာ
ဝယ်ယူနိုင်ပါသည်။
ဖုန်း။၉၅-၀၁-၅၃၆၅၅၇၊၅၃၁၁၂၈၊၅၃၁၁၂၉


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊
ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
Non-Sparkling Lemon Tea
Sparkling Lemon Tea
MALTA FRESH
LEMON
DAGON
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး
ရောင်းချလျက်ရှိပါသည်။
SCANIA
THE BEST QUALITY TYRE
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့လက်အောက်ခံ တရားမဝင်ဆေးတက္ကသိုလ်(မန္တလေး)မှ ယာယီဆေးပညာဘွဲ့လက်မှတ်အတုများဖြင့် ထိုင်းနိုင်ငံ၊ Chulalongkorn တက္ကသိုလ်သို့ တက်ရောက်ရန်ဆောင်ရွက်




သစ္စာမဲ့ဝန်ထမ်း (Disloyalty Civil Sevant-DCS)ဖြစ်သူ ခင်မောင်လွင် (ဆေးတက္ကသိုလ်-မန္တလေး၊ ပါမောက္ခချုပ်ဟောင်း)အားတွေ့ရစဉ်။



ဆုပြည့်မျိုးသွက်၊ ၂၆ နှစ်၊ (ဘ) ဦးမျိုးခိုင်အား တွေ့ရစဉ်။



သဥ္ဇာထက်၊ ၂၅ နှစ်၊ (ဘ) ဦးညဏ်ဖြိုးအား တွေ့ရစဉ်။



တရားခံ သိဏ်းချမ်း(ခ)သိန်းဝင်းအား တွေ့ရစဉ်။



တရားခံ သက်ထက်ဦး(ခ) ဝင်းထက်မြတ်အား တွေ့ရစဉ်။



M2 နိုတြီဆိုင်ပိုင်ရှင် တရားခံ မြတ်မင်းသူ၊ ၃၀ နှစ်အား တွေ့ရစဉ်။



နိုတြီပြုလုပ်ရာတွင် အသုံးပြုခဲ့သည့် တရားခံ မြတ်မင်းသူ၏ Laptop နှင့် ဖုန်းအား တွေ့ရစဉ်။





တရားခံ သိဏ်းချမ်း(ခ)သိန်းဝင်း၏ နိုတြီပြုလုပ်ရာတွင် အသုံးပြုခဲ့သည့် တံဆိပ်တုံးများနှင့်ဖုန်းများအား တွေ့ရစဉ်။



ဆေးတက္ကသိုလ်-မန္တလေး

ယာယီတက္ကသိုလ်ကောင်စီ

ယာယီဆေးပညာဘွဲ့

ဦးမျိုးခိုင် နှင့် ဒေါ်စန်းစန်းလှ တို့၏ သား/သမီး ဆုပြည့်မျိုးသွက် အား

ယာယီဆေးပညာဘွဲ့ကို အပ်နှင်းချီးမြှင့်လိုက်သည်။

မှတ်ချက်။ ဤယာယီဘွဲ့လက်မှတ်သည် ဆေးကုသခွင့်လက်မှတ် ရရှိရန်လိုအပ်သော လက်တွေ့ကုသရေး စာမေးပွဲ နှင့် အလုပ်သင်ဆရာဝန် လေ့ကျင့်ရေး တို့အားဆက်လက်ဖြေဆိုလေ့ကျင့်နိုင်ပြီ ဖြစ်ကြောင်း ကိုယ်စားပြုသည်။

ဘွဲ့ရမှတ်ပုံတင်အမှတ် ယာယီ ၀၀၈၈/၂၀၂၃ (၂၀၂၃ ခုဩဂုတ်လ)

တာဝန်ခံ
ယာယီတက္ကသိုလ်ကောင်စီ
ဆေးတက္ကသိုလ် မန္တလေး

ပါမောက္ခဒေါက်တာခင်မောင်လွင်
နာယက
ယာယီတက္ကသိုလ်ကောင်စီ
ဆေးတက္ကသိုလ် မန္တလေး
ပညာရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ

မန္တလေးမြို့

၂၀၂၃ ခုနှစ် အောက်တိုဘာ လ ၁၀ ရက်နေ့

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့လက်အောက်ခံ တရားမဝင် ဆေးတက္ကသိုလ်(မန္တလေး)မှ တရားမဝင်ထုတ်ပေးထားသည့် ဆုပြည့်မျိုးသွက်၏ ယာယီဆေးပညာဘွဲ့လက်မှတ်အတုအား တွေ့ရစဉ်။



ဆေးတက္ကသိုလ်-မန္တလေး

ယာယီတက္ကသိုလ်ကောင်စီ

ယာယီဆေးပညာဘွဲ့

ဦးညဏ်ဖြိုး နှင့် ဒေါ်ခင်သိန်းမြ တို့၏ သား/သမီး သဥ္ဇာထက် အား

ယာယီဆေးပညာဘွဲ့ကို အပ်နှင်းချီးမြှင့်လိုက်သည်။

မှတ်ချက်။ ဤယာယီဘွဲ့လက်မှတ်သည် ဆေးကုသခွင့်လက်မှတ် ရရှိရန်လိုအပ်သော လက်တွေ့ကုသရေး စာမေးပွဲ နှင့် အလုပ်သင်ဆရာဝန် လေ့ကျင့်ရေး တို့အားဆက်လက်ဖြေဆိုလေ့ကျင့်နိုင်ပြီ ဖြစ်ကြောင်း ကိုယ်စားပြုသည်။

ဘွဲ့ရမှတ်ပုံတင်အမှတ် ယာယီ ၀၀၃၂/၂၀၂၃ (၂၀၂၃ ခုဩဂုတ်လ)

တာဝန်ခံ
ယာယီတက္ကသိုလ်ကောင်စီ
ဆေးတက္ကသိုလ် မန္တလေး

ပါမောက္ခဒေါက်တာခင်မောင်လွင်
နာယက
ယာယီတက္ကသိုလ်ကောင်စီ
ဆေးတက္ကသိုလ် မန္တလေး
ပညာရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ

မန္တလေးမြို့

၂၀၂၃ ခုနှစ် အောက်တိုဘာ လ ၁၀ ရက်နေ့

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့လက်အောက်ခံ တရားမဝင် ဆေးတက္ကသိုလ်(မန္တလေး) မှ တရားမဝင်ထုတ်ပေးထားသည့် သဥ္ဇာထက်၏ ယာယီဆေးပညာဘွဲ့လက်မှတ်အတုအား တွေ့ရစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်အစိုးရ၏ပညာရေးစနစ်ကို ပျက်ပြားစေရန်ရည်ရွယ်၍ တရားမဝင် NUG အဖွဲ့လက်အောက်ခံ တရားမဝင်ဆေးတက္ကသိုလ်(မန္တလေး)မှ ယာယီဆေးပညာဘွဲ့လက်မှတ်အတုများပြုလုပ်ကာ ပြည်ပတက္ကသိုလ်များတွင် ပညာသင်ကြားနိုင်သည်ဟု မက်လုံးများပေးပြီး လိမ်လည်ဆောင်ရွက်လျက်ရှိသဖြင့် ယုံမှားခဲ့သည့် ကျောင်းသား/ကျောင်းသူများသည် ပြည်ပတက္ကသိုလ်များ၌ ပညာသင်ကြားရန် လျှောက်ထားရာတွင် တရားဝင်မှုမရှိသောကြောင့် သက်ဆိုင်ရာတက္ကသိုလ်များမှ လက်မခံသည့်အတွက် ကျောင်းတက်ရောက်ရန် အခက်အခဲများဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရသည်။

ဆေးတက္ကသိုလ်(မန္တလေး)မှ Final Part II အား ၆-၁-၂၀၂၂ ရက်၊ ၈-၂-၂၀၂၂ ရက်၊ ၁၆-၁-၂၀၂၃ ရက်တို့တွင် သင်တန်းဖွင့်လှစ်ခဲ့သော်လည်း ၃ ကြိမ် သတင်းပို့တက်ရောက်ရန် ပျက်ကွက်ခဲ့ပြီး စည်းကမ်းဖောက်ဖျက်ခဲ့သူ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်နေ ဆုပြည့်မျိုးသွက်နှင့် ၈-၂-၂၀၂၂ ရက်၊ ၁၆-၁-၂၀၂၃ ရက်၊ ၆-၅-၂၀၂၄ ရက်တို့တွင် သင်တန်းဖွင့်လှစ်ခဲ့သော်လည်း ၃ ကြိမ်သတင်းပို့တက်ရောက်ရန် ပျက်ကွက်ခဲ့ပြီး စည်းကမ်းဖောက်ဖျက်ခဲ့သူ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်နေ သဥ္ဇာထက်တို့ ၂ ဦးအား ဆေးတက္ကသိုလ်(မန္တလေး)မှ ထုတ်ပယ်ထားခဲ့ကြောင်း သိရှိရသည်။


၎င်းတို့ ၂ ဦးသည် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့လက်အောက်ခံ တရားမဝင်ဆေးတက္ကသိုလ်(မန္တလေး)၊ ယာယီတက္ကသိုလ်ကောင်စီနာယက သစ္စာမဲ့ဝန်ထမ်း (Disloyalty Civil Servant-DCS)ဖြစ်သူ ခင်မောင်လွင် (ဆေးတက္ကသိုလ်-မန္တလေး၊ ပါမောက္ခချုပ်ဟောင်း)မှ တရားမဝင်ထုတ်ပေးခဲ့သည့် ယာယီဆေးပညာဘွဲ့လက်မှတ်အတုတို့ဖြင့် ထိုင်းနိုင်ငံ၊ Chulalongkorn တက္ကသိုလ်သို့ တက်ရောက်ခွင့်ရရှိရေးအတွက် တရားမဝင်လျှောက်ထားခဲ့ကြောင်း သိရှိရသည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်တွင် ထိုင်းနိုင်ငံ၊ Chulalongkorn တက္ကသိုလ်မှ အဆိုပါကျောင်းသူ ၂ ဦး၏ တက္ကသိုလ်တက်ရောက်ခွင့်လျှောက်ထားမှုနှင့်ပတ်သက်၍ သံသယရှိသဖြင့် ယာယီဆေးပညာဘွဲ့လက်မှတ်များအား အတည်ပြုပေးနိုင်ရန် မြန်မာနိုင်ငံရှိ ဆေးတက္ကသိုလ်(မန္တလေး) သို့ အကြောင်းကြားလာခဲ့ကြောင်း သိရှိရသည်။

နိုဝင်ဘာလ ၂၀ ရက်တွင် အဆိုပါယာယီဆေးပညာဘွဲ့လက်မှတ်အား စစ်ဆေးအတည်ပြုခဲ့ရာ ဆေးတက္ကသိုလ်(မန္တလေး)မှ ထုတ်ပေးထားသော ဘွဲ့လက်မှတ်များမဟုတ်ဘဲ ဘွဲ့လက်မှတ်အတုများဖြစ်၍ တရားမဝင်ကြောင်း ပြန်လည်အကြောင်းကြားခဲ့သည့်အတွက် Chulalongkorn တက္ကသိုလ်မှ ၎င်းတို့ ၂ ဦးအား တက္ကသိုလ်တက်ရောက်ခွင့်လက်မခံခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ယာယီဆေးပညာဘွဲ့လက်မှတ်အတုများအား ပြုလုပ်ပေးသူ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၃၅) လမ်း၊ တိုက်အမှတ်(၃၅)၊ တတိယထပ်တွင် ရုံးခန်းဖွင့်လှစ်ထားသည့် သိဏ်းချမ်း(ခ) သိန်းဝင်း (B.A; H.G.P;R.L;) Notary Public မှ တရားမဝင် Notary (သက်သေခံချက်) ပြုလုပ်ပေးခဲ့ကြောင်း သိရှိရသည့်အတွက်

**စာမျက်နှာ ၃၀ သို့ ●**


Republic of the Union of Myanmar
Ministry of Education, National Unity Government
Department of Human Resource for Health
Interim Council of University of Medicine, Mandalay
Mandalay, Myanmar

MBBS RECORD

1. Name – Thinzar Htet
2. Date of Admission – December 2015 Date of Leaving – October 2023
3. Date of Passing the M.B., B.S Degree Examination – 30-8-2023

OFFICIAL SEAL OF THE UNIVERSITY

Dated 10-10-2023

Registrar

(Prof. Khin Maung Lwin)
Patron
University of Medicine, Mandalay

Certified True Copy

U THEIN CHAN (B.A;H.G.P;R.L;)
NOTARY PUBLIC
No-35, 35TH STREET, KYAUKTADA TOWNSHIP,
YANGON, UNION OF MYANMAR.
TEL:09-5167754

DOC: NO 152/2024
28 MAR 2024

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG အဖွဲ့လက်အောက်ခံ တရားမဝင် ဆေးတက္ကသိုလ် (မန္တလေး)မှ တရားမဝင်ထုတ်ပေးထားသည့် သဉ္ဇာထက်၏ အမှတ်စာရင်းအတုအား တွေ့ရစဉ်။


Notarial Translation

UNIVERSITY OF MEDICINE, MANDALAY
(EMBLEM)
INTERIM UNIVERSITY COUNCIL
INTERIM BACHELOR OF MEDICINE AND BACHELOR OF SURGERY

This is to certify that THINZAR HTET, daughter of U Nyan Phyo + Daw Khin Thein Mya has been conferred the Interim Bachelor of Medicine and Bachelor of Surgery (M.B.,B.S).

Remark: This temporary graduation certificate represents the necessary practical examination and apprenticeship training.

Registered Graduate No. INTERIM 0032 / 2023 (August, 2023)

Sd/- x x x
Registrar
Interim University Council
University of Medicine, Mandalay

(Photo with embossed seal)
Mandalay

Sd/- x x x
Professor Dr. Khin Maung Lwin
Chairman
Interim University Council
University of Medicine, Mandalay
Ministry of Education
National Unity Government

Date: 10th October, 2023

ON REVERSE SIDE
National Registration Card No.: 5/MaYaNa(N)277248
AUTHENTICATED, true and correct English translation.

U THEIN CHAN (B.A;H.G.P;R.L;)
NOTARY PUBLIC
No-35, 35TH STREET, KYAUKTADA TOWNSHIP,
YANGON, UNION OF MYANM.AR.
TEL:09-5167754

DOC: NO C386/2024
13 FEB 2024

ဆေးတက္ကသိုလ် (မန္တလေး)မှ ထုတ်ပယ်ခံထားရသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ မုံရွာတောင်ရပ်ကွက်၊ အောင်စေရုံရပ်၊ မြို့ပတ်လမ်း၊ အမှတ်(၁)နေ သဉ္ဇာထက်၏ Notary အတုအား တွေ့ရစဉ်။


สำนักงานการทะเบียน
OFFICE OF THE REGISTRAR
Chulalongkorn University

หนังสือยินยอมให้เปิดเผยข้อมูลการศึกษาแก่จุฬาลงกรณ์มหาวิทยาลัย
Letter of Consent to Disclose Information to Chulalongkorn University


I hereby authorize University of Medicine Mandalay and its relevant officials to release records of my attendance, program title, enrollment status, graduation date, and/or degrees awarded to the Office of the Registrar, Chulalongkorn University for the purpose of education and/or academic documents verification. When necessary, I authorize the Office of the Registrar, Chulalongkorn University to use my identification documents (e.g. national identification card, passport, or any other documents issued by a government agency) for the purpose of education and/or academic documents verification.

| | |
|---|---|
| 1. Student's Full Name (CAPITAL LETTERS) | THIN ZAR HTET |
| 2. Date of Birth (A.D.) | 23.4.1999 |
| 3. a) National ID Number | 5/MAYANA(N)277248 |
| b) Passport Number | MF718204 |
| c) Social Security Number/Tax ID | |
| 4. Previous Qualification | Bachelor of Medicine and Bachelor of Surgery |
| 5. Previous Graduation Date | October 10,2023 |

Student's Handwritten Signature:
Date (DD/MM/YYYY): 9/7/2024
Chulalongkorn University's Student ID Number: 6778002553
Previous Degree's Student ID Number:

OFFICE OF THE REGISTRAR, CHULALONGKORN UNIVERSITY

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG အဖွဲ့လက်အောက်ခံတရားမဝင် ဆေးတက္ကသိုလ် (မန္တလေး)မှ တရားမဝင်ထုတ်ပေးထားသည့် သဉ္ဇာထက်၏ ဘွဲ့လက်မှတ်အတုဖြင့် လာရောက်လျှောက်ထားမှုအား ထိုင်းနိုင်ငံ၊ Chulalongkorn တက္ကသိုလ်မှ အကြောင်းကြားထားရှိမှုအားတွေ့ရစဉ်။


Republic of the Union of Myanmar
Ministry of Education, National Unity Government
Department of Human Resource for Health
Interim Council of University of Medicine, Mandalay
Mandalay, Myanmar

MBBS RECORD

1. Name – Su Pyae Myo Thwet
2. Date of Admission – December 2014 Date of Leaving – October 2023
3. Date of Passing the M.B., B.S Degree Examination – 30-8-2023 (R/N – 16883)


OFFICIAL SEAL OF THE UNIVERSITY

Dated 10-10-2023

Registrar

(Prof. Khin Maung Lwin)
Patron
University of Medicine, Mandalay

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG အဖွဲ့လက်အောက်ခံ တရားမဝင်ဆေးတက္ကသိုလ် (မန္တလေး)မှတရားမဝင်ထုတ်ပေးထားသည့် ဆုပြည့်မျိုးသွက်၏ အမှတ်စာရင်းအတုအား တွေ့ရစဉ်။


Notarial Translation

UNIVERSITY OF MEDICINE, MANDALAY
(EMBLEM)
INTERIM UNIVERSITY COUNCIL
INTERIM BACHELOR OF MEDICINE AND BACHELOR OF SURGERY

This is to certify that SU PYAE MYO THWET, daughter of U Myo Khine + Daw San San Hla has been conferred the Interim Bachelor of Medicine and Bachelor of Surgery (M.B.,B.S).

Remark: This temporary graduation certificate represents the necessary practical examination and apprenticeship training.

Registered Graduate No. INTERIM 0088 / 2023 (August, 2023)

Sd/- x x x
Registrar
Interim University Council
University of Medicine, Mandalay

(Photo with embossed seal)
Mandalay

Sd/- x x x
Professor Dr. Khin Maung Lwin
Chairman
Interim University Council
University of Medicine, Mandalay
Ministry of Education
National Unity Government

Date: 10th October, 2023

ON REVERSE SIDE
National Registration Card No.: 9/MaHaMa(N)045012
AUTHENTICATED, true and correct English translation.
AUTHENTICATED, true and correct English Translation.

DOC: NO C112/2024
- 4 MAY 2024

U THEIN CHAN (B.A;H.G.P;R.L;)
NOTARY PUBLIC
No-35, 35TH STREET, KYAUKTADA TOWNSHIP
YANGON, UNION OF MYANMAR,
TEL:09-5167754

ဆေးတက္ကသိုလ်(မန္တလေး)မှ ထုတ်ပယ်ခံထားရသည့် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ဆန်းဝင်းရပ်၊ ၃၉×၄၀ ကြား၊ အကွက် (၅၂၄)၊၈၅ လမ်းနေ ဆုပြည့်မျိုးသွက်၏ Notary အတုအား တွေ့ရစဉ်။


สำนักงานการทะเบียน
OFFICE OF THE REGISTRAR
Chulalongkorn University

หนังสือยินยอมให้เปิดเผยข้อมูลการศึกษาแก่จุฬาลงกรณ์มหาวิทยาลัย
Letter of Consent to Disclose Information to Chulalongkorn University

Notwithstanding any restrictions I may have placed on my education records with the educational institution listed below, I hereby authorize University of Medicine, Mandalay to release records of my attendance, program title, enrollment status, graduation date, and/or degrees awarded to the Office of the Registrar, Chulalongkorn University for the purpose of education and/or academic documents verification.

| | |
|---|---|
| 1. Student's Full Name | Su Pyae Myo Thwet |
| 2. Date of Birth | 21.5.1998 |
| 3. National ID Number | |
| Passport Number | MG460999 |
| 4. Qualification | Bachelor of Medicine & Surgery (M.B.B.S) |
| 5. Graduation Date | August, 2023 |

Student's Handwritten Signature:
Date (DD/MM/YYYY): 7/7/2024
Chulalongkorn University's student ID number: 6774019553

OFFICE OF THE REGISTRAR, CHULALONGKORN UNIVERSITY

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG အဖွဲ့လက်အောက်ခံ တရားမဝင် ဆေးတက္ကသိုလ် (မန္တလေး)မှ တရားမဝင်ထုတ်ပေးထားသည့် ဆုပြည့်မျိုးသွက်၏ ဘွဲ့လက်မှတ်အတုဖြင့် လာရောက်လျှောက်ထားမှုအား ထိုင်းနိုင်ငံ၊ Chulalongkorn တက္ကသိုလ်မှ အကြောင်းကြားထားရှိမှုအား တွေ့ရစဉ်။

● **စာမျက်နှာ ၂၉ မှအဆက်**

နိုဝင်ဘာလ ၂၁ ရက်တွင် တရားမဝင် Notary (သက်သေခံချက်)ပြုလုပ်ပေးခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်နေ တရားခံ သိဏ်းချမ်း(ခ) သိန်းဝင်းနှင့် သဃ်န်းကျွန်းမြို့နယ်နေ တရားခံ သက်ထက်ဦး(ခ)ဝင်းထက်မြတ်တို့ ၂ ဦးအား ၎င်းတို့ရုံးခန်း၌ စာရွက်စာတမ်းများအတုပြုလုပ်ရာတွင် အသုံးပြုသည့် သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

ထို့အပြင်တရားခံ သိဏ်းချမ်း(ခ)သိန်းဝင်း၏ ထွက်ဆိုချက်အရ အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG အဖွဲ့လက်အောက်ခံ တရားမဝင်ဆေးတက္ကသိုလ် (မန္တလေး)၊ ယာယီဆေးပညာဘွဲ့လက်မှတ်အတုအား ဘာသာပြန်ပေးခဲ့သည့် ကျောက်တံတားမြို့နယ်ရှိ M2 နိုတြီဘာသာပြန်ဆိုင်မှ ဆိုင်ပိုင်ရှင်ဖြစ်သူ မြတ်မင်းသူအား သက်သေခံပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ပါသည်။

သို့ဖြစ်ပါ၍ တရားမဝင်ယာယီဆေးပညာဘွဲ့လက်မှတ်အတု ထုတ်ပေးခဲ့သည့် တရားမဝင်ဆေးတက္ကသိုလ် (မန္တလေး)၊ ယာယီတက္ကသိုလ်ကောင်စီနာယက သစ္စာမဲ့ဝန်ထမ်း(Disloyalty Civil Servant–DCS) ဖြစ်သူ ခင်မောင်လွင်(ဆေးတက္ကသိုလ်–မန္တလေး၊ ပါမောက္ခချုပ်ဟောင်း)၊ တရားမဝင်ယာယီဆေးပညာဘွဲ့လက်မှတ်အတုတို့ဖြင့် ထိုင်းနိုင်ငံ၊ Chulalongkorn တက္ကသိုလ်သို့ တက်ရောက်ခွင့်ရရှိရေးအတွက် လျှောက်ထားခဲ့သူ ဆုပြည့်မျိုးသွက်နှင့် သဉ္ဇာထက်တို့ ၂ ဦးအား Black List (အမည်မည်းစာရင်း) ကြေညာ၍ ဖော်ထုတ်ဖမ်းဆီးကာ တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့လက်အောက်ခံ တရားမဝင်ဆေးတက္ကသိုလ်(မန္တလေး)၊ ယာယီတက္ကသိုလ်ကောင်စီမှ ထုတ်ပေးခဲ့သည့် ယာယီ ဆေးပညာဘွဲ့လက်မှတ်အတုတို့အား Notary(သက်သေခံချက်) ပြုလုပ်ပေးခဲ့သည့် ဖမ်းဆီးရမိတရားခံသိဏ်းချမ်း (ခ) သိန်းဝင်း၊ သက်ထက်ဦး(ခ)ဝင်းထက်မြတ်နှင့် မြတ်မင်းသူတို့ ၃ ဦးနှင့်အတူ ပါဝင်ပတ်သက်သူများအား ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မိဘပြည်သူများအနေဖြင့်လည်း မိမိတို့၏ သား/သမီးများအား နိုင်ငံတော်အစိုးရက ဖွင့်လှစ်ထားသော တက္ကသိုလ်များတွင်သာ တက်ရောက်ပညာသင်ကြားစေရေး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်၊ တရားမဝင်တက္ကသိုလ်များတွင် စာသင်ကြားမှုများမပြုလုပ်ရန်၊ အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG မှ တရားမဝင်ဖွင့်လှစ်ထားသည့် တက္ကသိုလ်အပါအဝင် ပညာရေးကျောင်းများနှင့် ပတ်သက်၍ သတင်းရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာဆက်သွယ်သတင်းပေးပို့စေလိုကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ (၁၀၀)

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကိုမည်သည့်အခါမျှသစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာ သုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိစစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်) တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၂၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၂၀၀၀၀၀ | ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၃၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၃၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၃၀၀၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက်ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြှင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မိမိတို့တစ်ဦးတစ်ယောက်ချင်းစီ၏ စာပေဖတ်ရှုလေ့လာခြင်းမှရရှိလာသည့် အသိဉာဏ်အလင်းသည် ဘဝတိုးတက်မှုအတွက် များစွာအထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ပြီး မိမိ၏မိသားစုနှင့် မိမိတို့တာဝန်ထမ်းဆောင်ရသည့် ပတ်ဝန်းကျင်ကိုပါ အလင်းရောင်နှင့် လမ်းကြောင်းမှန်ကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် မန္တလေးပညာရေးဒီဂရီကောလိပ်ရှိ နည်းပြဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် အဖွင့်ဂုဏ်ပြုမိန့်ခွန်း**

စာ - ၆ သို့

# (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ





(၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲအခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၂**

(၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသည်။

အခမ်းအနားသို့ (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်မှအရာရှိကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ **စာမျက်နှာ ၁၆ ကော်လံ ၅ ❑**

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
လုံခြုံလျှင်မြန်၊ ဆောင်ရွက်မြန်မှန်၊ မြဝတီဘဏ်
MPU UnionPay
Card Services
✔ Individual Debit Card/ Credit Card
✔ Corporate Debit Card
✔ Automated Teller Machine Services
✔ Point of Sales Services
✔ Online Payment/ Tax Payment Via E-commerce
Phone No : (01) 2301367, 2301368, 2301452, 2301378